မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၅ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မြောင်းမြနှင့် အိမ်မဲမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မအူပင်မြို့နယ် အလန်းကျေးရွာ နွေစပါး ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၄

ဧရာဝတီတိုင်း လပွတ္တာမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၃ ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ မြောင်းမြမြို့၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်နှင့် မိသားစုဝင်များအားလည်းကောင်း၊ အိမ်မဲမြို့နယ်၌ ဌာနဆိုင်ရာများနှင့်လည်းကောင်း တွေ့ဆုံကာမှာကြားပြီး ပန်းတနော်မြို့နယ်ရှိ သုံးခွချောင်းတံတားတည်ဆောက်ရေးစီမံကိန်းနှင့် မအူပင်မြို့နယ် နွေစပါးရိတ်သိမ်းပွဲတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နံနက် ၉ နာရီခွဲတွင် မြောင်းမြမြို့ရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်မတော် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် အိမ်မဲမြို့နယ် ကွင်းယားတံခွန်တိုင်ကျေးရွာသို့ ရောက်ရှိကြပြီး ၂၀၀၆-၂၀၀၇ ခုနှစ် တစ်နှစ်သုံးသီးစနစ် တတိယနွေစပါးသီးထပ်ရင်

စာမျက်နှာ ၃ ကော်လံ ၁ ✡

မြန်မာ့အလင်း နိုင်ငံတကာသတင်းနှင့် အားကစားအညွှန်း

အေစီမီလန် ကွင်းလယ် ကစားသမား ဆီးဒေါ့ဖ်

ကမ္ဘာတစ်လွှားအားကစား (စာ - ၁၃)

နွေရာသီအဆင့်မြင့်ဘောလုံးအားကစားသင်တန်းဖွင့်လှစ်

မြန်မာ့ဘောလုံး တိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် နွေရာသီအဆင့်မြင့်ဘောလုံး သင်တန်း၌ သင်တန်းသားများ ဘောလုံး အခြေခံများကို ဤသို့ လေ့ကျင့်သင်ကြားလျက်ရှိသည်။

သတင်းဆောင်းပါး-စိုင်းရဲရင့် (စာ - ၁၂)

နိုင်ငံတကာသတင်း (စာ - ၁၁)

ကြာသပတေးဂြိုဟ်၏ အံ့မခန်း ဓာတ်ပုံများ အာကာသယာဉ်မှ ပြန်လည် ပေးပို့



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

5-5 (01) 1 5/4/07, 3:09 PM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၅ ရက်)

နိုင်ငံနှင့်ပြည်သူ့အကျိုး သယ်ပိုးနေသော ရဲဝံ့စွန့်စား မီးသတ်တပ်ဖွဲ့ဝင်များ

၂၀၀၇ ခုနှစ် မေလ ၅ ရက် **(ယနေ့)**သည်(၆၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဖြစ်သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ် ပစ္စည်းများ၊ နိုင်ငံပိုင် ကုန်ထုတ်အရင်းအနှီး အဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်၊ သဘာဝအလျောက် ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ် အမျိုးမျိုး တို့ကို ပြည်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာကွယ် တားဆီးစောင့်ရှောက်ရန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေး အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရန်ဟူသည့် မွန်မြတ်သောရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

'သောသောည့် ပုဂံမီးဆော်မောင်း' စကားနှင့်အညီ ပုဂံခေတ်ကပင် မီးဘေးအန္တရာယ်အတွက် မီးသတ်သမားများ ထားရှိခဲ့သည်။

မီးသတ်တပ်ဖွဲ့တွင် အစိုးရခန့် သန္ဓေမီးသတ်၊ စေတနာ့ဝန်ထမ်းအရန်မီးသတ်နှင့် စက်ရုံ အလုပ်ရုံခန့် သီးသန့်မီးသတ်တပ်ဖွဲ့ဟူ၍ သုံးမျိုးရှိသည်။

ခေတ်အဆက်ဆက်ကို ဖြတ်သန်းလျက် ပြည်သူ့အကျိုးပြု မီးသတ်တာဝန်များ ထမ်းဆောင်ကြသော မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ မီးငြိမ်းသတ်ရေးတာဝန်များအပြင် လူမှုရေးလုပ်ငန်းများ၌ပါ ထမ်းဆောင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် သက်တမ်းရင့်ကျက်လာပြီဖြစ်သော မီးသတ်တပ်ဖွဲ့သည် အရေအတွက် များပြားလာသည့်အပြင် အရည်အသွေးမှာလည်း ပိုမိုပြည့်ဝလျက် ခေတ်မီ မီးငြိမ်းသတ်မှု နည်းစနစ်များဖြင့် တပ်ဖွဲ့ဝင်များ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါကလည်း ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို **ရဲဝံ့စွန့်စား မီးသတ်သမား** ဆောင်ပုဒ်နှင့်အညီ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံနှင့်ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်လျက်ရှိသော မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ တိုင်းရင်းသားပြည်သူအပေါင်းက မီးဘေးကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်ကြရန် (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့၌ တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘိုးဘွား၊ မိဘများအား အမှူးထား၍ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဥဒ္ဒေါနာ(၂)လမ်း အမှတ် (၈/၉၄) နေ သား မောင်နိုင်အောင်လင်း (၆) နှစ်ပြည့် မွေးနေ့အဖြစ် ဒဂုံမြို့နယ် အမှတ်၁၆စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ၁၁၀၀၀၀ ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တပညာသိရီလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ထမ်းများအနေဖြင့် စေတနာထား ကြိုးစားလုပ်ကိုင် ပြည်သူလိုအပ်သော ဓာတ်အား ပြည့်ပြည့်ဝဝဖြန့်ဖြူး

ပြည်သူချစ်ခင်သော လျှပ်စစ်ဝန်ထမ်းဖြစ်ရန်ကြိုးပမ်း

ရန်ကုန် မေ ၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၁ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းသည် ပြည်သူလူထုသို့ ဓာတ်အားအဆက်မပြတ်ရရှိစေရေးနှင့် အပြည့်အဝညီမျှစွာ ရရှိစေရေးဟူသော ဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းများအနေဖြင့် စေတနာထား ကြိုးစားလုပ်ကိုင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလိုအပ်သော လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ ပေးဝေ ဖြန့်ဖြူးခြင်းဖြင့် ပြည်သူက လေးစားချစ်ခင်သော လျှပ်စစ်ဝန်ထမ်းများ ဖြစ်ရန် ကြိုးပမ်းစွမ်းဆောင်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအယ်လ်ဇော်ဆမ်က ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအခြေအနေ၊ မီတာခကောက်ခံရရှိမှု၊ မီတာများ တပ်ဆင် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဝန်ကြီးသည် မေ ၂ ရက်တွင် ဗန်းမော်မြို့နယ် ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ ရုံးခန်းမ၌ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးချစ်သန်းက ဗန်းမော်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအခြေအနေများ၊ (၆၆) ကေဗွီ ကျောက်ပုထိုး-ရွှေကူ-ဗန်းမော် မဟာဓာတ်အားလိုင်းမှ ဓာတ်အားရယူသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဓာတ်အားလိုင်းသွယ်တန်းမှုများ စနစ်တကျရှိစေရေး၊ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေး၊ ပြည်သူအတွက်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်ဝစွာဖြည့်တင်းပေး နိုင်စေရေး၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ကြရေးတို့ကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် (၆၆/၁၁) ကေဗွီ ဗန်းမော်ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဓာတ်အားဖြန့်ဝေပို့လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၅-၅-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၂၅ ၅။ ကျန်းမာသုတ
၁၂း၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **တောင်တန်းနှင့်တူသော ယောကျ်ားများ လွင်မိုး၊ ကျော်ရဲအောင်၊ နန္ဒာလှိုင် (ဒါရိုက်တာ-မိုက်တီး)**
၁၃း၅၀ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၅ ၈။ မိုးလေဝသသတင်း
၆း၃၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆း၄၀ ၁၀။ လျှပ်တစ်ပြက်
၆း၄၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း-၁၄)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲ Aston Villa Vs Sheffield United (Live)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းနေ နှစ်ဖက်သော မိဘ၊ မောင်နှမများနှင့် ဇနီးဒေါ်ခင်တင့်တင့်တို့အား ရည်စူး၍ ဦးအေးမင်း (အကောက်ခွန်-ငြိမ်း)၊ သမီး ဒေါ်ညွန့်ညွန့်မင်း၊ ဒေါ်စိုးစိုးမင်း၊ ဒေါ်မျိုးမျိုးမင်းမိသားစုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပန်းတနော်မြို့နယ် သုံးခွ ချောင်းတံတား တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

၅၂ဧက စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်၍ စပါး-ပဲ-စပါး တစ်နှစ်သုံးသီး စံပြကွက်၌ တောင်သူများ တတိယနွေစပါး သီးထပ်ရင်စံကွက် ရိတ်သိမ်းနေမှုနှင့် စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဆိုပါစံပြကွက် အနီး၌ ခင်းကျင်းပြသထားသော ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးဝါးများ၊စပါးနံ့ နမူနာများနှင့် လယ်ယာသုံး စက်ကိရိယာများကိုလည်းကောင်း၊ ခြံစည်းရိုး ကြက်ဆူပျိုးခြံကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

အိမ်မဲမြို့နယ်၌ တစ်နှစ်သုံးသီး စပါး၊ပဲ၊စပါး စိုက်လယ်ဧက ၂၅၀၀ ကို စိုက်ပျိုးထားရှိကြောင်းနှင့် တစ်နှစ်သုံးသီးစိုက်စနစ်ကို ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တက်ရောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အိမ်မဲမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါး ၁၄၀၅၀၈ဧက လျာထားပြီး ၁၄၀၅၁၇ဧက စိုက်ပျိုးခဲ့မှု၊ နွေစပါး ၇၂၈၆၇ဧက လျာထားပြီး ၇၂၈၈၄ ဧက စိုက်ပျိုးခဲ့မှု၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဆန်ဖူလုံမှု၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုကို ၂၀၀၇ ခုနှစ်အတွက် လျာထားဧက ၃၀၀၀အတွက် မျိုးစုဆောင်းမှုနှင့် ပျိုးထောင်မှုဧက ၃၀၄၀စာ ရရှိနေမှု အခြေအနေများနှင့် မြို့နယ်၏ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို မေးမြန်းဆွေးနွေး ဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မွန်းလွဲ၂နာရီခွဲတွင် အိမ်မဲမြို့ရှိ နယ်မြေခံတပ်ရင်း သူရိယခန်းမသို့ သွားရောက်၍ တပ်မတော် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား သက်သာချောင်ချိရေးတို့နှင့် စပ်လျဉ်းသည်များကို မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေ၃နာရီခွဲတွင် ပန်းတနော်မြို့နယ် အိမ်မဲ-ပန်းတနော်လမ်းပေါ်ရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူ ဆောင်ရွက်နေသော သုံးခွချောင်းတံတား တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပန်းတနော်ဘက် ခြမ်း၌ကမ်းကပ်ခုံနှင့် ရေလယ်တိုင် (P.1)တို့ကို RCကွန်ကရစ်ရက်မများ ဆောင်ရွက်ပြီးစီးနေမှုနှင့် ရေလယ်တိုင် (P-1)နှင့်(P-2)ကိုဆက်သွယ်မည့် RC ကွန်ကရစ်ရက်မများအတွက် သံချည်သံကွေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်စီသန်းက လိုက်လံပြသ ရှင်းလင်းသည်။

သုံးခွချောင်းတံတားသည် အရှည်ပေ၂၇၀၊ အကျယ် ၂၄ ပေနှင့် သုံးပေစီကျယ်သည့်လူသွားလမ်း နှစ်ဖက် ပါဝင်မည့် သံကူကွန်ကရစ် တံတားဖြစ်သည်။ တံတားကို လွန်တူးဘိုးပိုင် သံကူကွန်ကရစ် အုတ်မြစ်ဖြင့် တည်ဆောက်ထားပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ထိ ခံနိုင်ဝန်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီတွင် မအူပင်မြို့နယ် အလန်းကျေးရွာ၌ ကျင်းပသော မအူပင်မြို့နယ် နွေစပါးရိတ်သိမ်းပွဲ အခမ်းအနားသို့ ရောက်ရှိကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နွေစပါးရိတ်သိမ်းပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ၂၀၀၇-၂၀၀၈ခုနှစ် ဧရာဝတီတိုင်း၏ မိုးရာသီအတွင်း အဓိက တိုးချဲ့စိုက်ပျိုးမည့် စပါးမျိုးသစ်နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နွေစပါးရိတ်သိမ်းပွဲကျင်းပသည့် တောင်သူဦးအောင်ကျော်မင်း၏ ဧက၂၀ရှိ ဆင်းသွယ်လတ်စပါးခင်း၌ တောင်သူများ စပါးရိတ်သိမ်းနေမှုနှင့် ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ မအူပင်မြို့၌ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ Shrimp and Fish Foundation မှ Chariman Mr. Syed Mahmudual Hug ခေါင်းဆောင်သော အဖွဲ့ဝင်ခုနစ်ဦးတို့ပါဝင်သည့် ငါးလုပ်ငန်းဆိုင်ရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၂ ရက်တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများလိုက်ပါလျက် တောင်ဒဂုံ စက်မှုဇုန်ရှိ မေယုအအေးခန်းနှင့် ငါးပုစွန်ပြုပြင်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြသည်။

အစည်းအဝေး ခန်းမဆောင်၌ တာဝန်ရှိသူများက စက်ရုံသမိုင်းကြောင်းနှင့် ထုတ်လုပ်နိုင်မှုစွမ်းရည် HACCP စနစ်အရ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် GMP အတိုင်း ဆောင်ရွက်နေမှု အခြေအနေ တင်ပြချက်များအပေါ် လေ့လာရေးအဖွဲ့များက ပြန်လည်မေးမြန်း ဆွေးနွေး၍ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်မှု အခြေအနေ အဆင့်ဆင့်နှင့် စက်ရုံဓာတ်ခွဲခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

မေးမြန်းဆွေးနွေး

ထိုမှတစ်ဆင့် လေ့လာရေး ကိုယ်စားလှယ် အဖွဲ့သည် အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာနသို့ ရောက်ရှိကာ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထို့နောက် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်ပိုးစစ်ဆေးရေး ဓာတ်ခွဲခန်းသို့ ရောက်ရှိ၍ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်မောင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ဓာတ်ခွဲခန်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် လှိုင်သာယာ စက်မှုဇုန်ရှိ GIC အအေးခန်း စက်ရုံနှင့် ရွှေပြည်သာ စက်မှုဇုန်ရှိ ထူးသစ် ငါး၊ ပုစွန် အစာတောင့်ထုတ်လုပ်ရေး စက်ရုံတို့သို့လည်းကောင်း၊ ငွေပင်လယ် ငါး၊ ပုစွန်ကုန်တင်၊ကုန်ချဆိပ်ခံဇောတံတားသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၃ ရက်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ဆားမလောက်လမ်းရှိ အာရှသား ရေချိုငါး၊ပုစွန် မွေးမြူရေး စခန်းသို့လည်းကောင်း၊ အဏ္ဏဝါလွှမ်း ကုမ္ပဏီ၏ Top Success ရေချိုငါးအသားတိုး မွေးမြူရေးစခန်းနှင့် GWE Co.,Ltd ၏ရေချိုငါး၊ ပုစွန် မွေးမြူရေးစခန်းများသို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးသို့ရောက်ရှိ၍ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးကျော်လွင်၊ ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက် နှစ်ပတ်လည်နေ့ဂုဏ်ပြု၊ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မေ ၄

မြန်မာဘရူဝါရီလီမိတက် (၁၀)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာဘရူဝါရီလီမိတက် မိသားစုဝင် သွေးလှူရှင်ဝန်ထမ်း ၁၄၀တို့၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ မြန်မာဘရူဝါရီလီမိတက်စက်ရုံခန်းမ၌ ကျင်းပသည်။ **(အပေါ်ဝဲပုံ)**

ပြောကြား

အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အောက်မြန်မာပြည်ဆေးသုတေသန ဦးစီးဌာနမှ ဒေါက်တာဦးဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ သွေးလှူဒါန်းကြမည့်ဝန်ထမ်းများနှင့် အမျိုးသားသွေးဌာနမှ တာဝန်ခံ ဆရာဝန်ကြီးနှင့် ဆရာ ဆရာမများတက်ရောက်ကြပြီး မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. Peter Ong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ အလှူငွေကျပ်သိန်း၃၀ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသွေးဌာနမှ တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်က လက်ခံရယူပြီး အလှူငွေနှင့် စုပေါင်းသွေးလှူဒါန်းမှုတို့အတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. Peter Ong ၊ ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်စိန်နှင့် တာဝန်ရှိသူများက သွေးလှူရှင်ဝန်ထမ်း ၁၄၀တို့၏ စုပေါင်းသွေးလှူဒါန်းမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၅-၅-၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်

၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၄။ နံနက်ခင်းသတင်း

၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး

၇း၅၅ ၆။ အတီးပြိုင်ပွဲ

၈း၀၅ ၇။ ရင်းငြိမ်ရေထိန်းတံခါး

၈း၁၀ ၈။ အကပြိုင်ပွဲ

၈း၁၅ ၉။ တေးဂီတအစီအစဉ်

၈း၃၀ ၁၀။ International News

၈း၄၅ ၁၁။ Grammar made Easy

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၅ ၂။ တေးဂီတအစီအစဉ်

၁၁း၃၀ ၃။ ပြည်တွင်းသတင်း

၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂း၃၅ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ

၁၂း၄၅ ၇။ **"သက်စွန့်ဆံဖျား"** နေထက်လင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း (Examplez)၊ ဆုပန်ထွာ၊ ပုလဲဝင်း (ဒါရိုက်တာ မလိခစိုးထိုက်အောင်)

၁၄း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၁၄း၂၀ ၉။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** (လူကူးမျဉ်းကျားမှ ကူးမယ်)

၁၄း၃၅ ၁၀။ **"ပူဇော်ကန်တော့ဆင်ယင် သက်ကြီးသဘင်"** (ပထမအကြိမ် သဘင်သက်ကြီးပူဇော်ပွဲ)

၁၄း၄၅ ၁၁။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ English for Everyday Use

၁၆း၄၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]

၁၇း၀၅ ၆။ မြင်းခြံခင်သိန်းအေးဆိုင်းအဖွဲ့ ဖျော်ဖြေခန်း

၁၇း၂၀ ၇။ တေးဂီတအစီအစဉ်

၁၇း၃၀ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်

၁၈း၀၀ ၉။ ညနေခင်းသတင်း

၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ

၁၈း၃၅ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်

၁၈း၅၅ ၁၂။ တူပြိုင်ယှဉ်နွှဲ ASEAN New Media Art Competition 2006 ပြိုင်ပွဲ

၁၉း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း-၂၂)

၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းနှင်းဆီ"** (အပိုင်း-၁၃)

သက်ကြီးရွယ်အိုများနှင့် နှလုံးသွေးကြောရောဂါ

ကမ္ဘာတစ်ဝန်းတွင် နှလုံးသွေးကြောရောဂါကြောင့် နှစ်စဉ် လူဦးရေ ၁၇ သန်း အသက်ဆုံးရှုံးနေသည်တွင် အသက်ကြီးသည်နှင့်အမျှ သေဆုံးမှုပိုများလာသည်ကို (အထူးသဖြင့် အမျိုးသမီးများတွင်) ထင်ရှားစွာ တွေ့ရှိနေရသည်။ ရင်ခွဲရုံများ၏ စာရင်းဇယားများအရ အသက်အရွယ်ကြီးသော အမျိုးသားများတွင် နှလုံးသွေးကြောရောဂါကို ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းနှင့် အမျိုးသမီးများတွင် ၅၀ ရာခိုင်နှုန်းမျှ တွေ့နေရသည်။

သက်ကြီးရွယ်အိုသူများဟု အမည်တပ်ရန်မှာ – အသက်အရွယ်နှစ်သက်တမ်းကိုသာမက ရုပ်ပိုင်းဆိုင်ရာရောဂါရှိ၊ မရှိနှင့် စိတ်ပိုင်းဆိုင်ရာ ကြည်လင်ပြတ်သားမှု ရှိ၊ မရှိကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ယေဘုယျအားဖြင့် သက်တမ်း ၆၅ နှစ်၊ သို့မဟုတ် ၇၀ ကျော်သူများကို ဆေးပညာအရ သက်ကြီးရွယ်အိုဟု သတ်မှတ်ထားသည်။

နှလုံးအိုမင်းရင့်ရော်ခြင်း

အသက်အရွယ်ကြီးလာသည်နှင့်အမျှ နှလုံးကြွက်သားများ မာတင်းလာပြီး နှလုံးအတွင်းသို့ သွေးစီးဝင်မှုကို လျော့စေသည်။ ကြွက်သားများ ညှစ်အားလည်း နည်းလာသောကြောင့် နှလုံးအားနည်းရောဂါ ဖြစ်လာသည်။ ငယ်ရွယ်စဉ်ကကဲ့သို့ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်လျှင် နှလုံးခုန်နှုန်း မြန်မလာနိုင်တော့ပါ။ သွေးကြောနံရံများသည်လည်း မာကြောလာပြီး အဆီပြင်များကြောင့် ကျဉ်းမြောင်းလာကာ အပေါ်သွေးပေါင်ချိန် မြင့်တက်လာသည် (Isolated Systolic Hypertension) သက်ကြီးရွယ်အိုများ၌ ဖြစ်တတ်သော နှလုံးသွေးကြောရောဂါများမှာ–

- **အပေါ်သွေးပေါင်ချိန်တက်ခြင်း (Isolated Systolic Hypertension)**
- **အထိုင်အထတွင် သွေးပေါင်ချိန်ကျခြင်း (Orthostatic Hypotension)**
- **နှလုံးညှစ်အားနည်းရောဂါ (Heart Fallure)**
- **အဆို့ရှင်ရောဂါဖြစ်ခြင်း (Valve Disorders)**
- **နှလုံးခုန်နှုန်း နှေးလွန်းခြင်းနှင့် မြန်လွန်းခြင်း (Rhythm Disorders)**
- **လေဖြတ်ခြင်း (Stroke)**

သက်ကြီးရွယ်အိုနှင့် သွေးတိုးရောဂါ

သက်ကြီးရွယ်အိုများသည် သွေးပေါင်ချိန်ကို နှစ်စဉ်ချိန်ပြီး ၁၆၀/၉၀ နှင့် အထက်ရှိပါက ဆေးကုသမှု ခံယူသင့်သည်။ အသက်အရွယ်ကြီးလာသည်နှင့်အမျှ သွေးပေါင်ချိန် တက်လာကာ အသက် ၆၀ ကျော်သူများ၏ ၅၀ ရာခိုင်နှုန်း (အထူးသဖြင့် အမျိုးသမီးများ)တွင် သွေးတိုးရောဂါဖြစ်နေပြီး အသက် ၇၀ ကျော်သည့် သွေးတိုးလူနာများ၏ သုံးပုံနှစ်ပုံတွင် သွေးပေါင်ချိန် ပုံမှန်ဖြစ်အောင် မထိန်းသိမ်းနိုင်သဖြင့် လေဖြတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် နှလုံးညှစ်အားနည်းရောဂါများကဲ့သို့ ဆိုးရွားသော နောက်ဆက်တွဲရောဂါများကို တွေ့ရှိနေရသည်။

အပေါ်သွေးပေါင်ချိန်တက်ခြင်း (အပေါ်သွေးပေါင်ချိန် ၁၄၀ နှင့် အထက် အောက်သွေးပေါင်ချိန် ၉၀ အောက်)ကြောင့် အပေါ်သွေးနှင့် အောက်သွေး ပေါင်ချိန်ကွာဟမှု (Pulse Pressure) ၅၀ mmHg ထက် များခြင်းသည် နှလုံးသွေးကြောရောဂါ အန္တရာယ်ဖြစ်စေနိုင်သည်ကို သုတေသနများက ဖော်ထုတ်ပေးနိုင်ရုံမက အပေါ်သွေးပေါင်ချိန်ကို ထိရောက်စွာ ချနိုင်ပါက နောက်ဆက်တွဲ ဆိုးကျိုးများကို ကာကွယ်နိုင်ကြောင်း ပြသခဲ့သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများ၌ သွေးတိုးသည်ကို လျစ်လျူမရှုသင့်ပါ။ ကျန်းမာစွာ နေထိုင်စားသောက်သည့် အမူအကျင့်များက လူငယ်လူရွယ်များမှာထက် ထိရောက်မှုရှိသည်ကို တွေ့ရှိရသည်။ သင့်တော်သော ဆေးဝါးများကို မှီဝဲရာတွင် ဆေးပမာဏနည်းနည်းကစပြီး တွဲဖက်ရောဂါများနှင့်ပါ သင့်တော်မည့်ဆေးများကို ရွေးချယ်ရမည်ဖြစ်သည်။ ဆေး၏ဆိုးကျိုးများကို မျက်ခြည်မပြတ် သတိပြုရန်အရေးကြီးသည်။ သွေးပေါင်ချိန်ကို လူငယ်လူရွယ်များမှာကဲ့သို့ ၁၄၀/၉၀ mmHg အောက်နှင့် ဆီးချိုပါရှိနေသူများအတွက် ၁၃၀/၈၀ mmHg အောက်သို့ ချပေးရမည်။

သက်ကြီးရွယ်အိုနှင့် နှလုံးသွေးကြောရောဂါ

နှလုံးသွေးကြောရောဂါသည် သက်ကြီးရွယ်အိုတို့ကို အဓိကအသက်အန္တရာယ်ပေးသောရောဂါဖြစ်သည်။ နှလုံးသွေးကြောပိတ်သဖြင့် သေဆုံးသူများ၏ ထက်ဝက်ကျော်သည် အသက် ၆၅နှစ်ကျော်ကြပြီး လူလတ်ပိုင်းတွင် အမျိုးသားများက ရောဂါပိုဖြစ်လင့်ကစား လူကြီးပိုင်းတွင် အမျိုးသမီးများ၌ ရောဂါဖြစ်ပွားနှုန်းသည် အမျိုးသားနှင့် တူညီလာသည်။ အထူးသတိပြုရန်မှာ နှလုံးသွေးကြောပိတ်သည်မှာ သဘာဝအလျောက် အသက်အရွယ်ကြီးလာသဖြင့် ဖြစ်လာသော ရောဂါမဟုတ်ပါ။ အသက်ကြီးလာသော်လည်း ရောဂါမဖြစ်ရန် ကာကွယ်နိုင်သည်။

သက်ကြီးရွယ်အိုတို့တွင် နှလုံးသွေးကြောရောဂါဖြစ်ပါက ပုံမှန်အားဖြင့် ရင်အောင့်တတ်သည်။ သို့ရာတွင် ပုံမှန်မဟုတ်သော လက္ခဏာများဖြစ်သည့် ရင်ပူခြင်း၊ အသက်ရှူကျပ်ခြင်း၊ မူးမော်သတိလစ်ခြင်း၊ စိတ်ဇဝေဇဝါဖြစ်ခြင်း၊ ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်တတ်သည်။ သက်ကြီးရွယ်အိုများတွင် (အထူးသဖြင့် ဆီးချိုရောဂါ ပါရှိပါက)

ပါမောက္ခ ဒေါ်ခင်မေစန်း

ရင့်မအောင့်ဘဲ နှလုံးသွေးကြောပိတ်တတ်သည်။ နှလုံးသွေးကြောပိတ်ခြင်း၏ ဆိုးကျိုးများဖြစ်သည့် နှလုံးညှစ်အားနည်းခြင်း၊ နှလုံးခုန်နှုန်းမမှန်ခြင်းတို့ ပို၍ဖြစ်တတ်သည့်အပြင် နာလန်ထနှေး၍ ဆေးရုံကြာကြာတက်ရတတ်သည်။ ကုသရာတွင်လည်း သွေးခဲဖျော်ဆေးများက ထိရောက်မှုရှိသော်လည်း လူငယ်လူလတ်များမှာထက် အန္တရာယ်ပိုဖြစ်နိုင်သည်။ နှလုံးသွေးကြောကျဉ်းရောဂါအတွက် အသုံးပြုသော ဆေးများသည် အာနိသင်ပိုတတ်၍ သတိထားသင့်သည်။ နှလုံးသွေးကြောချဲ့ခြင်းနှင့် ခွဲစိတ်ကုသခြင်းက အကျိုးရှိသော်လည်း အန္တရာယ်ပိုများသည်။ ဥပမာ–အသက် ၄၀ မှ ၅၀ အတွင်း လူနာအတွက် အန္တရာယ် ၁ ရာခိုင်နှုန်းဖြစ်သော်လည်း အသက် ၈၀ ကျော်သူများအတွက် ကြိုတင်ပြင်ဆင်၍ ခွဲစိတ်မှု၏ အန္တရာယ်သည် ၅–၁၀ ရာခိုင်နှုန်းဖြစ်ပြီး အရေးပေါ်ခွဲစိတ်မှု၏ အန္တရာယ်သည် ၁၅–၂၀ ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် အသက်အရွယ်ကြီးသည်နှင့်အမျှ အန္တရာယ်ပိုလာသည်။

နှလုံးသွေးကြောပိတ်ပြီးသော သက်ကြီးရွယ်အိုများအား ပုံမှန်နေထိုင်မှုဘဝကို ပြန်လည်ရရှိရန် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ခြင်းက အကျိုးသက်ရောက်မှုရှိသည်ကို သုတေသနများက သက်သေပြထားသည်။ သက်ကြီးရွယ်အိုတို့တွင် ရှိနေတတ်သော စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်း၊ သူငယ်ပြန်ခြင်းနှင့် စီးပွားရေးအဆင်မပြေမှုများကိုလည်း ဆေးပညာရှင်များအနေဖြင့် မိမိတတ်အားသရွေ့ ကူညီဖြေရှင်းပေးသင့်သည်။ ဆေးလိပ်သောက်သူများကို ဆေးလိပ်ပြတ်အောင် ကူညီပါက သေဆုံးမှုကို ၂၅–၅၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ပြီး ဤကောင်းကျိုး၏ ၅၀ ရာခိုင်နှုန်းကို ဆေးလိပ်ဖြတ်ပြီး တစ်နှစ်အတွင်း တွေ့ရှိရမည်။

သက်ကြီးရွယ်အိုများသည် လူငယ်လူလတ်များလောက် မဝတတ်သော်လည်း ကိုယ်အလေးချိန်များသည့် ဇီဝကမ္မချို့ယွင်းမှုအခြေအနေ (Metabolic Syndrome) ရှိသော လူကြီးများကို ကိုယ်အလေးချိန်လျှော့ချစေနိုင်ပါက နှလုံးရောဂါဖြစ်ပွားမှု နှုန်းထားကို လျော့နည်းစေသည်။ သွေးတွင်း အဆီဓာတ်ကို ဆေးများဖြင့်လျှော့ချခြင်းသည် သက်ကြီးရွယ်အိုများ၌လည်း လူငယ်လူလတ်များမှာကဲ့သို့ အကျိုးရှိကြောင်း သုတေသနများက ပြခဲ့သည်။ LDL-Cအဆီဓာတ်ကို ၁၀၀ mg/dl နှင့် အောက်ရှိစေပြီး HDL-C ကို ၄၀ mg/dl အထက် ရှိစေရမည်။ Triglycerides များကို ၂၀၀ mg/dl ထက် မကျော်စေရ။ အင်ဆူလင်အာနိသင်သည် လူကြီးများတွင် လျော့နည်းလာပြီး အသက်အရွယ်အလိုက် ဆီးချိုသွေးချိုရောဂါ ပို၍ဖြစ်လာကာ နှလုံးသွေးကြောရောဂါကို အထူးအားပေးသည်။ လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပါက ကိုယ်ခန္ဓာ၏ အဆီထုပမာဏကို လျော့နည်းစေသည်။ ထိုမှတစ်ဆင့် အင်ဆူလင် အာနိသင်ကိုတက်စေ၍ ဆီးချိုသွေးချိုရောဂါကို သက်သာစေသည်။ Haemoglobin A1c ကို ၇ရာခိုင်နှုန်းအောက် ရှိစေရမည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများတွင် လူငယ်လူရွယ်များတွင်ကဲ့သို့ တူညီသော ရည်မှန်းချက်များထား၍ နည်းနိဿယများကို သုံးသင့်သည်။

သက်ကြီးရွယ်အိုများနှင့် နှလုံးအဆို့ရှင်ရောဂါ

သက်ကြီးရွယ်အိုများတွင် နှလုံးအဆို့ရှင်များ မာကြောလာပြီး ထုံးဓာတ်များ စွဲကပ်ကာ ကျဉ်းလာတတ်သည်။ အများစုတွင် ကျန်းမာရေးစစ်ဆေးမှ တွေ့ရှိတတ်သော်လည်း အချို့တွင် ရောဂါလက္ခဏာများဖြစ်သည့် သတိလစ်ခြင်း၊ နှလုံးညှစ်အားနည်း၍ အသက်ရှူကျပ် မောရောင်ခြင်း၊ ရင့်အောင့်ခြင်းတို့ကို ခံစားကြရတတ်သည်။ ဆေးဝါးများနှင့်ကုသမှုပေးရမည်ဖြစ်ပြီး ရံဖန်ရံခါခွဲစိတ်၍ အဆို့ရှင်လဲရန် လိုအပ်မည်။ ပျက်စီးနေသည့် အဆို့ရှင်များတွင် ရောဂါပိုးမတွယ်ကပ်စေရန် သွားနှုတ်ခြင်း၊ ဆီးလမ်းကြောင်း၊ အစာအိမ်လမ်းကြောင်းများတွင် ကိရိယာထည့်၍ စမ်းသပ်ခြင်းနှင့် ခွဲစိတ်ကုသမှုများ မခံယူမီ ပိုးသတ်ဆေးများပေးရန် အရေးကြီးသည်။

သက်ကြီးရွယ်အိုများနှင့် နှလုံးခုန်နှုန်းမမှန်ခြင်း

သက်ကြီးရွယ်အိုများတွင် နှလုံးတွင်းရှိ အာရုံကြောများ အားနည်းလာသဖြင့် ခုန်နှုန်းများ နှေးလာ၍ မကြာခဏ သတိလစ်တတ်သည်ကို နှလုံးစက်ထည့်၍ ကုသရသည်။ ပုံမှန်အသုံးများသော နှလုံးဆေးများသည် နှလုံးခုန်နှုန်းကို နှေးစေတတ်ကြောင်း သတိပြုရမည်။

နှလုံးခုန် မမှန်ခြင်း၊ မြန်ခြင်းတို့လည်း ဖြစ်တတ်သဖြင့် မူးမော်ခြင်း၊ သတိလစ်ခြင်း၊ လေဖြတ်ခြင်းနှင့် နှလုံးခုန်ရပ်ခြင်းတို့လည်း သက်ကြီးရွယ်အိုများတွင် ဖြစ်တတ်သဖြင့် ဆေးဝါးများဖြင့် ကုသပေးရသည့်အပြင် လိုအပ်လာပါက နှလုံးခုန်နှုန်းမှန်စေရန် အလိုအလျောက် ရှော့ခ် (Cardioversion) ရိုက်ပေးမည့် နှိုးစက်ကလေးများကို တပ်ဆင် ပေးရမည်။

သက်ကြီးရွယ်အိုများနှင့် နှလုံးစစ်ဆေးမှုများ

နှလုံးတယ်လီဗေးရှင်းက အဆို့ရှင်ရောဂါများကို ဖော်ထုတ်၍ နှလုံးညှစ်အားကို တိုင်းပေးသည်။ Holter ခေါ် ၂၄နာရီ အီးစီဂျီတပ်ခြင်းသည် နှလုံးခုန်နှုန်း အနှေးအမြန်ကို ဖော်ပြသည်။ လမ်းလျှောက်စက်ပေါ်တွင် အီးစီဂျီတပ်၍ နှလုံးစမ်းသပ်ခြင်းကို သက်ကြီးရွယ်အိုများက လုပ်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် နှလုံးသွေးကြောကျဉ်း ရောဂါကို အဏုမြူဓာတ်နှင့် စမ်းသပ်ဖော်ထုတ်ရာတွင် ဆေးများထိုး၍ စမ်းသပ်ရန် လိုအပ်သည်။ လိုအပ်ပါက နှလုံးသွေးကြောဓာတ်မှန်ရိုက်၍ နှလုံးသွေးကြောချဲ့ရန်နှင့် ခွဲစိတ်ရန် လိုအပ်သည်တို့ကို ဖော်ထုတ်နိုင်သည်။

အရွယ်ရောက်သူတစ်ဦး၏ နှလုံးသည် တစ်နေ့လျှင် အကြိမ်ပေါင်း တစ်သိန်း ခုန်ခြင်းဖြင့် မိုင်ပေါင်းခြောက်သောင်းမျှ ရှည်လျားသည့် သွေးကြောများထဲသို့ သွေးဂါလန်ပေါင်း ၂၀၀၀ ကို စီးဆင်းစေသည်။ အသက်အရွယ်ကြီးလာလျှင် နှလုံးနှင့်သွေးကြောများတွင် ပြောင်းလဲမှုများ ဖြစ်လာ၍ နှလုံးသွေးကြောရောဂါများ ပိုဖြစ်လာစေသည်။ ဆေးဝါးဖြင့် ကုသမှုသည် သက်ကြီးရွယ်အိုများတွင် အသင့်တော်ဆုံး ဖြစ်သော်လည်း ဆေးများ၏ အဆိပ်အတောက်ကို အထူးသတိပြုကာ ဆေးပမာဏနှင့် တွဲဖက်ဆေး အမျိုးအစားများကို ဂရုတစိုက် ရွေးချယ်ရမည်။ နှလုံးသွေးကြောချဲ့ခြင်းနှင့် ခွဲစိတ်ကုသခြင်းတို့က သက်ကြီးရွယ်အိုများကို ရောဂါခံစားမှု လျော့နည်းစေသော်လည်း သက်တမ်းကို မတိုးပေးနိုင်သည့်အပြင် လူငယ်လူရွယ်များမှာထက် အန္တရာယ်ပိုများစေသည်။ သို့ပါသောကြောင့် သက်ကြီးရွယ်အိုများအား မိမိတို့ကိုယ်တိုင် ဆေးကုထုံးကို ရွေးချယ်ခွင့်ပြုသင့်ကြောင်းနှင့် ကျန်းမာစွာ နေထိုင် စားသောက်သည့် အမူအကျင့်များကို လိုက်နာကျင့်သုံးခြင်းဖြင့် နှလုံးသွေးကြောရောဂါ မဖြစ်ပွားအောင် ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာရှိဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးငွေသိမ်း–ဒေါ်ငြိမ်းငြိမ်းမိသားစု တိုက် ၄၀ အခန်း ၂၂ ဗဟိုစည်အိမ်ရာ အမှတ် ၁၀ ရပ်ကွက် လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (က၀) ဒေါက်တာအရှင်ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ စူပါဝမ်းတာမွှေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် တာမွေမြို့နယ် မာန်အောင် ရပ်ကွက် ရွှေဝါလမ်း အောင်ချမ်းသာပုံနှိပ်တိုက် မိသားစုက ဖခင်ကြီး ဦးကြည်မြင့် (၆)နှစ်မြောက်အားရည်စူး၍ အလှူတော်ငွေ ကျပ်သုံးသိန်း လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၅)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်သူလူထု အတူပူးပေါင်းဆောင်ရွက်နေ

နေပြည်တော် မေ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧပြီ ၂၉ရက် မွန်းလွဲ ၂နာရီခွဲက သထုံခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ ပအိုဝ်တိုင်းရင်းသားများနှင့်အတူ သထုံမြို့ ပုဗ္ဗာရုံကျောင်းတိုက် ခေမာသုခဗိမာန်၌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

တွေ့ဆုံ

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ဌာနဆိုင်ရာများနှင့်အတူ သထုံခရိုင် ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိကြပြီး မြို့နယ် အလုပ်အမှုဆောင်များ အသင်းဝင်များနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်ဝင်းက ဆောင်ရွက်လျက်ရှိသော လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး အနေဖြင့် နိုင်ငံတော်၏ ဒေသအသီးသီး တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြောင်း။

ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု ရရှိရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်များ ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ အမျိုးသား ပညာရည်မြင့်မားရေးတို့ကို နယ်မြေဒေသအလိုက် တိုးမြှင့် ဆောင်ရွက်သွားကြရန်နှင့် မိမိတို့ဒေသ၊ မိမိတို့နယ်မြေ လူထုအကျိုးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၆ရက်က ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် အမှတ်(၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန် ပရိယတ္တိ စာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ် ကျောင်းဆောင်ကြီးအတွက် အမှတ် ၁၃၃ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါက်တာ ဦးဇော်ဝင်း-ဒေါက်တာ ဒေါ်နွယ်သီဂီ၊ သမီး မယုသက်နွယ်၊ မစုသက်နွယ် မိသားစုတို့က ငွေကျပ် ၁၂သိန်းကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အောင်သိဒ္ဓိစုံ ကြေးဆင်းတုရုပ်ပွားတော် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြ/စီမံကိန်းရပ်ကွက် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်မြတ်ကြီး၌ အေးချမ်းအောင်မြေ မြတ်စွာဘုရားစံကျောင်းတော်နှင့်အောင်သိဒ္ဓိစုံ ကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ငွေကျပ် ၆၃သိန်းကိုးသောင်း ကျခံဆောက်လုပ်လှူဒါန်းခဲ့ပြီး၍ ရေစက်ချလှူဒါန်းပွဲအခမ်းအနားကိုကဆုန်လပြည့် (ဗုဒ္ဓနေ့)နံနက် ၇နာရီကစံကျောင်းတော်၌ ကျင်းပရာ ရှေးဦးစွာစေတီတော်ဩဝါဒါစရိယ သာသနာ့အလင်းရောင်ကျောင်းတိုက် ဆရာတော်အမှူးပြု၍ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ယင်းနောက် အလှူရှင် ရန်ကုန်တိုင်း တာမွေမြို့နယ် ဖျိုင်းရေအိုးစင်ရွာမရပ်ကွက် ဗဟိုလမ်းအမှတ်(၂၉)နေ ဦးညိုလေး-ဒေါ်ကုလားမ မိသားစုတို့နှင့် ဆွေ့ပရိသတ်တို့က ပရိတ်တရားတော်များနှင့် ငါးပါးသီလတရား၊ အနုမောဒနာ ရေစက်ချတရားတော်များ နာယူကြသည်။

ထို့နောက် ဂုဏ်ပြုလွှာကို စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)က အလှူရှင် ဦးညိုလေး-ဒေါ်ကုလားမ မိသားစုတို့အား ပေးအပ်ကြောင်း သိရသည်။**(အောက်ပုံ) (၀၅၂)**

အင်းတော်၌ အန္တရာယ်ကင်း ပရိတ်ရွတ်

အင်းတော်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အင်းတော်မြို့မကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် (မြန်မာနှစ်ဆန်းတစ်ရက်)တွင် အင်းတော်မြို့တော်သူ၊ မြို့တော်သားအပေါင်းဘေးအန္တရာယ်ကင်းဝေးစေပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေရန် ဧပြီ ၁၇ ရက် ညနေပိုင်းမှစတင်၍ အင်းတော်မြို့ပေါ် ရပ်ကွက်အသီးသီးသို့ လှည့်လည်ကြွရောက်ကာ အန္တရာယ်ကင်းပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ထိုသို့ရွတ်ဖတ်တော်မူကြရာတွင် ရပ်ကွက်အသီးသီးရှိ ဗုဒ္ဓဘာသာဝင်များက ပရိတ်ရေအိုးများ၊ ပရိတ်ချည်များ၊ ပရိတ်သဲများနှင့် ပရိတ်ပန်းများဖြင့် တရားနာယူကြကြောင်း သိရသည်။ (၁၃၃)

နတ်တလင်းမြို့၌ တရားပွဲများကျင်းပမည်

ပဲခူးတိုင်း (အနောက်ပိုင်း) နတ်တလင်းမြို့ မိခင်ကြီးဒေါ်မြနု၏ အသက်(၉၀)ပြည့်မွေးနေ့နှင့် သီတာရေစင်မိသားစု (၆)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဓမ္မပူဇာတရားပွဲအဖြစ် အရှင်ဒေဝိန္ဒာဘိဝံသ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနကျမ်းပြုဌာန)က မေ ၃၊ ၄ရက်တွင်လည်းကောင်း၊ အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန်)နယ်လှည့်ဓမ္မကထိကက မေ ၅၊ ၆ ရက်တွင် လည်းကောင်း၊ အရှင်စန္ဒသူရိယ (သရက်တော-အောင်စကြာ) ဗဟုဇန ဟိတဓရမဟာဓမ္မကထိကက မေ ၇ရက်တွင် နတ်တလင်းမြို့ သကျမဟာမြတ်မုနိမြတ်စွာဘုရားကြီး၌ လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော်အရှင်အာစာရာလင်္ကာရအရှင်သူမြတ်က နတ်တလင်းမြို့ ရွှေလင်းခန်းမတွင် မေ ၄ရက်မှ ၆ရက်အထိလည်းကောင်း ညစဉ် ၇နာရီမှစပြီး တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မီးဘေး ကြိုတင်ကာကွယ်တားဆီးရေး ဝန်းသိုမြို့၌ ပညာပေးဟောပြော

ကသာခရိုင် ဝန်းသိုမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် လုံခြုံရေး ပညာပေးဟောပြောပွဲကို မတ် ၂၁ရက်ညနေ၄နာရီက အမှတ်(၁၂၁)သစ်စက်အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူးက လုံခြုံရေး ပညာပေး ဟောပြောကာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့စခန်းမှူးက မီးဘေးကာကွယ်တားဆီးရေး ပညာပေး ဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း

ပြည်တွင်း

သတင်း

အတိုအထွာ

မြင်းခြံခရိုင်ဥက္ကဋ္ဌ နွေစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမိုးသည် ဧပြီ ၁၀ ရက်က မြင်းခြံခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ်တွင် နွေစပါး စိုက်ပျိုးရေး ပညာကျေးရွာအုပ်စု တောင်သူများနှင့်တွေ့ဆုံ၍ ခရိုင်ဥက္ကဋ္ဌက နွေစပါးကေ ပြည့်မီရေး၊ အချိန်မီစိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် နွေနှမ်းကေ ၂၀၀၀ တွင် ၁၈၂ ကေစိုက်ပျိုးပြီး မိုးကြိုဝါကေ ၇၀၀ တွင် ၄၉၈ ကေ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ (၂၂၇)

ရေဦးမြို့နယ် ပြန်/ဆက် စာဖတ်ပွဲကျင်းပ

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ပွဲအခမ်းအနားကို ဧပြီ ၂၄ရက် ညနေ ၃နာရီက မြို့နယ် ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ စာကြည့်တိုက်လက်ထောက်(၃) ဦးမောင်မောင်က ချစ်နိုင် (စိတ်ပညာ)၏ ရာထူးတိုးတက်ရေး ဆောင်းပါးကို ဖတ်ကြားဆွေးနွေးတင်ပြသည်။ ဆက်လက်၍ လုပ်သားရုပ်/သံ ဦးညွှန့်အောင်က ဆောင်းပါး ဖတ်ကြားဆွေးနွေး တင်ပြမှုအပေါ် ပြန်လည် ဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းက ဧပြီ ၁၉ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြပါရှိသည့် ချစ်နိုင် (စိတ်ပညာ)၏ စည်းကမ်းရှိမှ ဆောင်းပါးကို ဖတ်ကြားပြီး စာဖတ်ပွဲနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်ဆွေးနွေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း)မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပမည်

၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို အထက (၁) တောင်ကြီး၌ မေ ၁၀၊ ၁၁ရက်တွင်လည်းကောင်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ကွန်ပျူတာဒီဂျစ်တယ် ပိုစတာပြိုင်ပွဲကို ကွန်ပျူတာတက္ကသိုလ် တောင်ကြီးတွင် မေ ၁၇၊ ၁၈ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ အသေးစိတ်စည်းကမ်းအချက်အလက်များမှာ ဧပြီ ၃၀ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ အချက်အလက်များအတိုင်းဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရဲမှူးခင်မောင်လွင်၊ ကြီးကြပ်သူအရာရှိ တောင်ကြီး မူးယစ်(အထူး)အဖွဲ့ ဖုန်း-၀၈၁-၂၁၈၀၀သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရေဝတီတိုင်း မုတ္တမကမ်းလွန် လုပ်ကွက် လုပ်ငန်းဆောင်ရွက်စဉ် ရေယာဉ်များသွားလာမှုသတိပေး

ရန်ကုန် မေ ၄

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Ltd. မှ ရေဝတီတိုင်း မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M(9) တွင် လက်ရှိတွင်းတူးဖော်မှု ရလဒ်များအပေါ် မူတည်၍ Geophysical Site Investigation Survey တိုင်းတာရေး လုပ်ငန်းများကို RT RAJAWALI ဖြင့် မေ ၅ရက်မှ ၃၀ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Investigation Survey တိုင်းတာရေး လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ တည်နေရာ အကျယ်အဝန်းမှာ Point A မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၅၄မိနစ် ဝ၄ဒသမ၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၄မိနစ် ၅၄ဒသမ ၈စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ဝ၂မိနစ် ၅၈ဒသမ၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ် ၁၂ ဒသမ၄စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၄၇ဒသမ၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ဝ၅မိနစ် ၄၉ ဒသမ ၄စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၅ဒသမ ၁စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈မိနစ် ၄၁ ဒသမ ၈စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၁၃မိနစ် ၃၅ ဒသမ၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ဝ၁ မိနစ် ၄၄ ဒသမ ၈စက္ကန့်၊ Point SPH-N မြောက်လတ္တီတွဒ် ၁၄ဒီဂရီ၁၁မိနစ် ၄၉ဒသမ ၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ဝ၃မိနစ် ၁၀ဒသမ ၁စက္ကန့်၊ Point ZTK 2-Ext မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ဝ၁မိနစ် ဝ၈ဒသမ ၂၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇မိနစ် ၅၆ဒသမ ၃ စက္ကန့် အတွင်းတွင်ဖြစ်သည်။

ထို့ကြောင့် ရေဝတီတိုင်း မုတ္တမ ကမ်းလွန်လုပ်ကွက်အမှတ် M(9)တွင် Geophysical Site Investigation Survey တိုင်းတာရေးလုပ်ငန်းများအား တိုင်းတာရေးရေယာဉ် RT RAJAWALI ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေး ကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထားရာ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗာန်များ၊ ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း၊ ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသင်းဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် အသင်းအတွင်းရေးမှူးနှင့် အမှုဆောင်များအားတွေ့ဆုံမှာကြား

ရန်ကုန် မေ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာစည်းရုံးရေးမှူးများ၊ အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဉာဏ်ဝင်းက မြို့နယ်အသင်း၏ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာစည်းရုံးရေးမှူးများက ရပ်ကွက်နှင့်ကျေးရွာများ အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ နွေရာသီတွင်ဖွင့်လှစ်နေသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း အမှတ်စဉ် (၂/၂၀၀၇) အတွက် ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းပြီး အသင်းဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ဘုရားဖူးများဖြင့်စည်ကား

အလောင်းတော်ကဿပထားရှိရာကျောင်းတော်ဟု အမည်ပေးထားသော ဓာတ်ပုံကလည်း ဘုရားဖူးများဖြင့် စည်ကားနေပုံကို ဖော်ညွှန်းထားသည်။ (ဓာတ်ပုံ–တက္ကသိုလ် ဟန်မင်းဦး)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာ စည်းရုံးရေးမှူးများ၊ အမှုဆောင်များအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အလောင်းတော်ကဿပသို့ အလည်တစ်ခေါက် ဓာတ်ပုံပြပွဲဖွင့်

ရန်ကုန် မေ ၄

ဓာတ်ပုံပညာဖြင့် အလှူဒါနပြုလုပ်လိုခြင်းနှင့် အလောင်းတော်ကဿပသို့ ပြည်သူများ ပိုမိုသွားရောက်ဖူးမြော်စေလိုသောရည်ရွယ်ချက်များဖြင့် ကျင်းပသည့် **"အလောင်းတော်ကဿပသို့ အလည်တစ်ခေါက်"** ဟု အမည်ပေးထားသော ဓာတ်ပုံဆရာ တက္ကသိုလ် ဟန်မင်းဦး၏ တတိယအကြိမ်မြောက် ဓာတ်ပုံအနုပညာပြပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် ၂၀ ဓာတ်ပုံခန်းမ၌ ယနေ့နံနက် ၉ နာရီက စတင်ဖွင့်လှစ်ပြသလျက်ရှိသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးဖေမြင့်ဦးတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ဖိတ်ကြားထားသူများနှင့် ဓာတ်ပုံဝါသနာရှင်များက ခင်းကျင်းပြသထားသော ဓာတ်ပုံများ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ခင်းကျင်းပြသထား

"အလောင်းတော် ကဿပသို့ အလည်တစ်ခေါက်" ဓာတ်ပုံပြပွဲတွင် ၈ လက်မ x ၁၂ လက်မ ရောင်စုံဓာတ်ပုံ ၄၅ ပုံ ခင်းကျင်းပြသထားပြီး ပြသမည့်ရက်မှာ မေ ၄ ရက်မှ ၃၁ ရက်အထိ ပိတ်ရက်မရှိ နေ့စဉ်နံနက်၉နာရီမှ ည ၉နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

ပါဝင်ပြသ

ခင်းကျင်းပြသထားသော ရောင်စုံဓာတ်ပုံများမှာ အလောင်းတော်ကဿပသို့ သွားရာခရီးစဉ် ရှုခင်းပုံများ၊ ဆင်များဖြင့် ဘုရားဖူးပို့ဆောင်ပေးနေပုံများ၊ ခြေကျင် လာရောက်ဘုရားဖူးကြသူများ၏လမ်းခရီးတစ်ဝက်၌ဝိုင်းဖွဲ့စားသောက်နေကြပုံများ၊ အလောင်းတော်ကဿပထားရှိရာ ကျောင်းဆောင်ဓာတ်ပုံများ ပါဝင်သည်။

လှူဒါန်းမည်

ယခုဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားသော ဓာတ်ပုံအားလုံးကို အလောင်းတော်ကဿပ ဂေါပကအဖွဲ့သို့ မှတ်တမ်းတင်ထားရှိရန်အတွက် လှူဒါန်းသွားမည်ဖြစ်ပြီး ဓာတ်ပုံများ ရောင်းရငွေများကို ဘိုးဘွားရိပ်သာ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ မိဘမဲ့ ကလေးများဂေဟာနှင့် အခြားလူမှုရေးအသင်းများသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

၂၀၀၇ ခုနှစ် ပန်းချီအနုပညာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၄

ထွန်းဖောင်ဒေးရှင်းဘဏ်မှ စီစဉ်ကျင်းပသည့် Best Paintings of the Year - 2007 ပန်းချီပြိုင်ပွဲကို မြန်မာနိုင်ငံ ရိုးရာ ပန်းပညာရှင်များအစည်းအရုံး(ဗဟို)မှ ပါဝင်ကူညီမှုဖြင့် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပန်းချီပညာရှင်ကြီးများ နှင့် ပြည်ပမှ ပန်းချီးပညာရှင်ကြီးများကို ဖိတ်ခေါ်၍ အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဆုရ ပန်းချီကားများနှင့် ပြိုင်ပွဲဝင် ပန်းချီ ကားများကို Best Paintings of the Year - 2007 ပြပွဲကြီး၌ စုပေါင်းပြသ၍ ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာမြန်မာနိုင်ငံရှိ ပန်းချီပညာရှင်များအားလုံး (ပညာရှင်အဆင့် အပါအဝင်) ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်မတိုင်မီ အသက် ၁၈နှစ်ပြည့်ပြီးဖြစ်ရမည်။နှစ်သက်ရာရေး နည်းစနစ်နှင့် နှစ်သက်ရာ ဆေးပစ္စည်းများဖြင့် ရေးဆွဲနိုင်သည်။ နှစ်သက်ရာ အကြောင်း အရာကို ရေးဆွဲနိုင်ပြီး ပြိုင်ပွဲရေးဆွဲသည့် အကြောင်းအရာသည် မိမိကိုယ်ပိုင် အကြောင်းအရာဖြစ်ရမည်။ မဂ္ဂဇင်း၊ စာစောင်၊ ပြက္ခဒိန်၊ ပို့စကတ်၊ လက်ကမ်းစာစောင်နှင့် စာအုပ်များမှ ပန်းချီအကြောင်းအရာပုံများ မဖြစ်စေရပါ။ ပြိုင်ပွဲဝင်၏ ကိုယ်ရေးအကျဉ်းနှင့် ပတ်စ်ပို့ရောင်စုံနှစ်ပုံနှင့် မိမိကိုယ်ပိုင် အကြောင်းအရာကိုသာ ရေးဆွဲကြောင်း ဝန်ခံကတိ သီးခြားစာရွက်ဖြင့် ရေးသားပေးပို့ရမည်။ မိမိကိုယ်ပိုင် အကြောင်းအရာဖြစ်စေကာမူ အခြား တစ်နေရာ၌ ရေးဆွဲပြသထားခြင်းမရှိသော အကြောင်းအရာအသစ်ဖြစ်စေရမည်။ ဆုအဖြစ် ရွေးချယ်ခြင်းခံရစေကာမူ အခြားတစ်နေရာတွင် ဖော်ပြထားပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိပါက ပယ်ဖျက်ခြင်းခံရမည်။ ပြိုင်ပွဲဝင် ပန်းချီကား အရွယ်အစားမှာ သုံးပေ x လေးပေထက် မငယ်ရ၊ ခြောက်ပေ x လေးပေထက်မကြီးရ၊ ပြိုင်ပွဲဝင် တစ်ဦးသည် ပန်းချီကား သုံးကားအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်သူသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်။ရေးဆွဲသောအကြောင်းအရာသည် နိုင်ငံတော်မူဝါဒနှင့် မကိုက်ညီခြင်း၊ ဘာသာရေးနှင့် ငြိစွန်းခြင်း မရှိစေရ၊ မြန်မာ့ယဉ်ကျေးမှုနှင့် မဆန့်ကျင်ရ။ အဆိုပါအချက်များနှင့် မကင်းလွတ်သော ပုံများကိုပြိုင်ပွဲ၊ ပြပွဲ၌ ထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ ရေးဆွဲသူ ပညာရှင်၏ အမည်၊ လက်မှတ်များ ပန်းချီကားရှေ့တွင် ရေးထိုးခြင်းမပြုရ။ ဆုရွေးချယ်ရာတွင် အကဲဖြတ်အဖွဲ့၏ အဆုံးအဖြတ်သာ အတည်ဖြစ်သည်။ ဆုများကို ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ် ၂၅ သိန်း၊ တတိယဆု ကျပ်သိန်း ၂၀၊ စတုတ္ထဆု ကျပ် ၁၅ သိန်း၊ အထူးဆု ခြောက်ဆုကို တစ်ဆုလျှင် ကျပ် ၁၀သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပန်းချီကားများကို အပြင်ဘောင်မထည့်သွင်းရ။ ပန်းချီကားများကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ အမှတ် ၅၃/၆၁ သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ်သို့ ပေးပို့ရမည်ဖြစ်သည်။ ဆုရွေးချယ်ခြင်း မခံရသော ပန်းချီကားများအား ပြန်လည်ထုတ် ပေးမည်ဖြစ်သည်။ ဆုရွေးချယ်ခြင်းခံရသော ပန်းချီကားများအား ထွန်းဖောင်ဒေးရှင်း၏ Collection အဖြစ် ထားရှိမည်ဟု သိရသည်။

(က–ပ)

မွေးကင်းစကလေး အသက်ကယ် လေ့ကျင့်ရေး ကိရိယာများလှူဒါန်း

ရန်ကုန် မေ ၄

အမေရိကန်နိုင်ငံမှ Latter Day Saint Charities (LDSC)က မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်၊ မင်္ဂလာ လေး)၊ ကလေးဆေးရုံကြီး(ရန်ကုန်၊ မင်္ဂလာ လေး)၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများနှင့် မကွေးပြည်သူ့ဆေးရုံကြီးတို့သို့ အမေရိကန် ဒေါ်လာ ၇၈၂၈ တန်ဖိုးရှိ မွေးကင်းစကလေး အသက်ကယ် လေ့ကျင့်ရေးကိရိယာများ [Neonatal Resuscitation Kits (35)Kits]မှ လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စု ရိပ်သာလမ်း အမှတ်(၂)ရှိ ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျေးဇူးတင်စကား

ရှေးဦးစွာ Latter Day Saint Charities (LDSC) မှ Country Director Mr.Hatch က မွေးကင်းစကလေး အသက်ကယ်လေ့ကျင့်ရေး ကိရိယာများ (Neonatal Resuscitation Training Kits) ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများနှင့် ကျောင်းအုပ်ကြီးများက လက်ခံရယူသည်။ **(အောက်ပုံ)** ထို့နောက် ပါမောက္ခ ဒေါက်တာ အေးမောင်ဟန်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

အရှင်ဃောသိတ (တစ်ဘဝသာသနာကျမ်းပြု) သုံးလပြည့် အထိမ်းအမှတ်သဘင်

ရန်ကုန် မေ ၄

မိုးကုတ်အဖွဲ့ချုပ်ကြီး၏ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အရှင်ဃောသိတ (တစ်ဘဝသာသနာကျမ်းပြု) ဆရာတော်ကြီး၏ သုံးလပြည့် အထိမ်းအမှတ် မိုးကုတ်ဝိပဿနာ သစ္စာအထူးတရားပွဲတွင် စစ်ကိုင်းတောင်ရိုး သီရိသုမနချောင် မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာဆရာတော် အရှင်သုမန (မဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်က သစ္စာတရားတော်များကို ဟောကြားပြသပေးမည်ဖြစ်ရာ မေ ၇ရက်မှ ၁၈ရက်အထိ မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ သာသနဟိတ မဏ္ဍပ်ရုံကြီး အမှတ်(၂)ရပ်ကွက် သီတာလမ်းတွင် ညစဉ် ၇နာရီမှ စ၍ တရားသဘင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မြစ်ကြီးနား မြို့တွင်းလမ်းများ ကတ္တရာခင်း ဝိုင်းမော်မြို့ စန်းကားကျေးရွာ၌ အသင်းဝင်အဆိုပြုလွှာပေးအပ်

ရန်ကုန် မေ ၄

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အုန်းမြင့်သည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်အတူ မြစ်ကြီးနား မြို့တွင်းလမ်းများ ကတ္တရာခင်းပြီးမှု အခြေအနေများကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ သီတာရပ်ကွက် လောကမာန်အောင် စေတီတော်ဝင်းအတွင်းရှိ ဆုတောင်းပြည့် ကျောင်းတိုက်၌ တည်ဆောက်ပြီးစီးခဲ့သည့် ဆွမ်းစားကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည်မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်သည်။ **(အပေါ်ပုံ)** ထို့နောက် တိုင်းမှူးက ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ဝန်ကြီးက ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းဝတ်စုံများ ပေးအပ်လှူဒါန်းသည်။

ကြက်ဆူပင်စိုက်ပျိုး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စန်းကားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် စန်းကားကျေးရွာအဝင်ရှိ နမ့်ခေါင်ချောင်းတံတားတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ စန်းကားကျေးရွာ ခြံစည်းရိုး ကြက်ဆူကေ ၁၀၀ စိုက်ခင်းသို့ရောက်ရှိပြီး ကြက်ဆူပင်များ စိုက်ပျိုးကြသည်။

ဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ခတ်ချိုကျေးရွာ တယ်လီဖုန်းအိတ်ချိန်း၊ ဝိုင်းမော်မြို့ အော်တိုအိတ်ချိန်း၊ မြစ်ကြီးနားမြို့ အော်တိုအိတ်ချိန်းနှင့် မြစ်ကြီးနား မြို့မဈေးအိတ်ချိန်းတို့သို့ ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

သတ်မှတ်ချိန်ပြီးစီး

ထို့နောက် မေ ၁ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးတို့နှင့်အတူ မြစ်ကြီးနားမြို့ မြို့သစ်ကြီး ရပ်ကွက်၌ ဆောက်လုပ်လျက်ရှိသည့် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ဆောက်လုပ်ရန်နှင့် သတ်မှတ်ချိန်အတိုင်းပြီးစီးရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကောင်းစေတီတော်၌ ညောင်ရေသွန်းလောင်း စူဠာမုနိစေတီတော် ရွှေထီးတော်တင်လှူ

ရန်ကုန် မေ ၄

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် ကဆုန်ညောင်ရေသွန်းပွဲ တော်နှင့် မိုးကောင်းဆုတောင်းပြည့်စေတီတော် တောင်ဘက်မုခ်ဦး၌ တည်ထားကိုးကွယ်သည့် စူဠာမုနိစေတီတော် ထီးတော်တင်လှူခြင်း မင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၈ နာရီက မိုးကောင်းဆုတောင်းပြည့် စေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ကဆုန်ညောင်ရေသွန်း

ရှေးဦးစွာ မိုးကောင်း ဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတိကဓဇ ဦးကျော်မင်းနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ဝတ်အသင်းအဖွဲ့များက ရင်ပြင်တော် တနင်္လာထောင့်နှင့် အင်္ဂါထောင့်ကြားရှိ မဟာဗောဓိ ညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းကြသည်။

ရွှေထီးတော်တင်လှူ

ထို့နောက် စူဠာမုနိ စေတီတော် ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကို ကျင်းပရာဂေါပကအဖွဲ့နှင့်ဝတ်အသင်းအဖွဲ့များက စေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ကြာပန်းခိုင်တို့ကို အနောက်ဘက်မုခ် မဟာသွံသာရစ်ကျောင်းမှ ပင့်ဆောင်၍ မိုးကောင်းဆုတောင်းပြည့်စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ကြသည်။

တင်လှူပူဇော်

ဆက်လက်၍ မင်္ဂလာအချိန် နံနက် ၉ နာရီတွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့ဝင်များနှင့် အလှူရှင်များက ကြာပန်းခိုင်၊ ငှက်မြတ်နားတော်၊ နယားလေးကောင်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ အဆင့်ဆင့်တင်လှူပူဇော်ကြသည်။ **(သတင်းစဉ်)**

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက်က ပြည်လမ်း အရှေ့ရပ်ကွက်ရုံး၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ယဉ်ယဉ်နု၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းခိုင်နှင့် အဖွဲ့ဝင်ဦးသန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒါနပါရမီနှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချ ငွေကျပ် ၇၂၉သိန်း အကုန်အကျခံဆောက်လုပ်

ရန်ကုန် မေ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် တာမွေလေးရပ်ကွက် ဦးဘကျော်လမ်း စတုဘုမ္မိက ပရိယတ္တိ စာသင်တိုက် ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသအား အမှူးထား၍ ကျောင်းဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းငွေကျပ် ၇၂၉ သိန်းဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့သော ဒါနပါရမီ နှစ်ထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ကဆုန်လပြည့်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းတိုက်တွင် ကျင်းပသည်။

သီလခံယူ

အစီအစဉ်အရ သန်လျင်မြို့ စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတိုက် ဂဏာဓိပတိ နိုင်ငံတော်သြဝါဒါစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တ ဣန္ဒကာဘိဝံသ အရှင်သူမြတ်ထံမှ ဥပုသ်သီလခံယူဆောက်တည်ကြပြီး ဆရာတော်များက မေတ္တသုတ် ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်၍ ပုဇွန်တောင်မြို့နယ် ၅၃လမ်း စတုဘုမ္မိကကျောင်း နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ခေမိန္ဒာစာရထံမှရေစက်ချတရားနာယူကြသည်။ **(အပေါ်ပုံ)**

(က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးကိစ္စများ ဆောင်ရွက်သောအသင်းကြီးဖြစ်

အရည်အချင်းပြည့်ဝသော အသင်းဝင်များဖြစ်အောင်ကြိုးစား

နေပြည်တော် မေ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့က မကွေးတိုင်း နတ်မောက်မြို့နယ် မြို့သစ်လမ်းရှိ ဒီပင်္ကရာကျောင်းတိုက်သို့ သွားရောက်၍ မြို့နယ်သံဃာ့ဝန်ဆောင် ဒီပင်္ကရာပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တစန္ဒဝံသအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒီပင်္ကရာ ပရိယတ္တိစာသင်တိုက်သို့ အလှူငွေကျပ် ၁၅ သိန်းကို ဆက်ကပ်လှူဒါန်းရာ ကျောင်းဂေါပကအဖွဲ့က လက်ခံသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် နတ်မောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့သွားရောက်၍ မြို့သစ်မြို့နယ်၊ နတ်မောက်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့မှအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများအား တွေ့ဆုံသည်။

အခြေအနေ

ရှေးဦးစွာ မြို့နယ်အသင်း အတွင်းရေးမှူးများက စည်းရုံးရေးအခြေအနေ၊ ကျေးလက်ဒေသ ပြည်သူများအတွက် ကျန်းမာရေးကူညီစောင့်ရှောက်မှု အခြေအနေ၊ ကျေးရွာချင်းဆက်လမ်းများ ကူညီဆောင်ရွက်နိုင်မှုနှင့် နွေရာသီသင်တန်းများဖွင့်လှစ်နိုင်မှု အခြေအနေများကို တင်ပြကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးကိစ္စရပ်များကိုဆောင်ရွက်နေသော အသင်းကြီးဖြစ်သဖြင့် အသင်းသားများ အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စိတ်စေတနာကောင်းထားပြီး ဆောင်ရွက်ကြရန်၊ အသင်းသားများ၏ အရည်အချင်း အရည်အသွေးတိုးတက်အောင် သင်တန်းများကိုစဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချ သင်ကြားနိုင်ရေး စီမံဆောင်ရွက်ရန်၊ ကမ္ဘာ့ရေးရာ၊ ပြည်တွင်းရေးရာကိစ္စရပ်များကိုလည်း အမြဲမပြတ် လေ့လာဆည်းပူးဆောင်ရွက်ကြရန်နှင့် အရည်အချင်း ပြည့်ဝသောအသင်းဝင်များအဖြစ် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ၍ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်စက်ရုံ(မကွေး)သို့ သွားရောက်ပြီး ဂျစ်ဂါစက်နှစ်လုံးဖြင့် အဖြူချွတ်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ အခြောက်လှန်းစက်နှင့် အပူပေးအနံ့ဆန့်စက်၊ ပိတ်ခေါက်စက်များ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ စက်ရုံက နှစ်အလိုက်ထုတ်လုပ်သော ဆေးဆိုးပန်းရိုက်အထည်များ ပြသထားမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စားသောက်ကုန်လုပ်ငန်း အချိုရည်စက်ရုံ(မကွေး)သို့ ရောက်ရှိရာ မြန်မာ့စားသောက်ကုန်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းနှင့်တာဝန်ရှိသူများက ကုန်ထုတ်လုပ်မှုအခြေအနေများကို လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ(မကွေး)သို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းနှင့်စက်ရုံမှူးတို့က ရွှေဝါဆပ်ပြာနှင့် ကာဘော်လစ်ဆပ်ပြာ ကုန်ထုတ်လုပ်မှုအခြေအနေနှင့် စက်လည်ပတ်နိုင်မှုစွမ်းအား အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ကြရန်နှင့် စက်ပစ္စည်းများ ကြံ့ခိုင်မှုကောင်းမွန်ရန်၊ အမြဲမပြတ် လေ့လာကြရန် မှာကြားသည်။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ထီးစက်ရုံ(မကွေး)သို့ သွားရောက်၍ ထီးပိတ်ဖြန့်စက်၊ ထီးရွက်တွဲချုပ်စက်များ၊ လက်ချုပ်ဌာန၊ ထီးလက်ကိုင်ဌာန၊ အရည်အသွေး ထိန်းသိမ်းရေးဌာန အဆင့်ဆင့်၏ ကုန်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အရည်အသွေးကောင်းမွန်ပြီး သေသပ်လှပသော ထီးများပိုမို ထုတ်လုပ်ကြရန်နှင့်ကုန်ထုတ်လုပ်မှု စွမ်းအားမြင့်မားအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မကွေးမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်(မကွေး)သို့ သွားရောက်၍ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

5-5 (07) 1 5/4/07, 3:09 PM

■ *ကျောဖုံးမှ*

စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ ဌေးအောင်ကလည်းကောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ **"ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးသိရှိမှုနှင့် အမူအကျင့်များအား ဆန်းစစ်ခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာငွေစန်းကလည်းကောင်း၊ မကွေးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"မကွေးတိုင်း ကျေးလက်ဒေသမွေး မိခင်များ၏ မျိုးဆက်ပွားဆိုင်ရာ အသိအမြင်၊ အမူအကျင့်နှင့်ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မီးတွင်းကာလတွေ့ကြုံရသော အခက်အခဲများအားလေ့လာခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်ကျော်ကလည်းကောင်း အသီးသီးဖတ်ကြား တင်သွင်းကြပြီး အစည်းအဝေး သဘာပတိက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ခေတ္တရပ်နားသည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"နိုင်ငံသားတိုင်း ပညာတတ်မြောက်ရေး အသင်းဝင်များ ကြိုးပမ်းပေး"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွန်းက လည်းကောင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ **"သားပျက်ခြင်းအပေါ် အိမ်ထောင်သည် အမျိုးသမီးများ၏ အမြင်ကို လေ့လာခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာတင်ဝင်းကျော်ကလည်းကောင်း၊ ရခိုင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ **"တိုင်းရင်းဆေး အသိပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများအပေါ် လေ့လာဆန်းစစ်ခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာချိုထွန်းကလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်ကင်းစင်၊ အမှိုက်ကင်းစင်၊ ဆေးလိပ်ကင်းစင်သော ကျောင်းများဖြစ်လာစေရေး ဆန်းစစ်လေ့လာခြင်းနှင့် ဆောင်ရွက်ခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာလှမြင့်က လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"အိမ်တိုင်ရာရောက်စောင့်ရှောက်ပေး တီဘီလူနာဘဝမြှင့်တင်ပေး"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာစိုင်းခမ်းလှိုင်ကလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"ကျေးလက်နေအမျိုးသမီးများ (၁၅-၅၀)နှစ်၏ တီဘီရောဂါနှင့်ပတ်သက်၍ သိရှိနားလည်မှုအခြေအနေ လေ့လာဆန်းစစ်ခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာစိုင်းစံဝင်းကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"ဘဝတစ်သက်တာ သွားကျန်းမာ"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမြင့်အောင်ကလည်းကောင်း၊ ရေဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"ပန်းပျိုးသူကိုဖန်တီးခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဆွေဝင်းက လည်းကောင်း အသီးသီးဖတ်ကြား တင်သွင်းကြရာ အစည်းအဝေး သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

သဘာပတိအဖြစ် မြန်မာ နိုင်ငံ မိခင်နှင့် ကလေး စောင့် ရှောက် ရေး အသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် ဆောင်ရွက်စဉ်။
(သတင်းစဉ်)

ထို့နောက်အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ အစည်းအဝေးသဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်သည်။

အကြံပြုဆွေးနွေး

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူ ဗဟိုကောင်စီဝင်များက ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်အတွက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်နှင့်တိုင်းများမှ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆုံးဖြတ်ချက်ချမှတ်

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသူများက အစည်းအဝေး ဆုံးဖြတ်ချက် (၄)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၁၂)ရပ်ကို အကြံပြုဆွေးနွေးတင်ပြကြကာ ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။

အောင်မြင်စွာ ကျင်းပပြီးစီး

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် အတည်ပြုချက်(၃)ရပ်၊ အစည်းအဝေးဆုံး ဖြတ်ချက်(၄)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်တို့ကို ချမှတ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ လေ့လာချက်စာတမ်းကို အတွင်းရေးမှူး ဒေါက်တာကျော်ရှိန် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လေ့လာချက်စာတမ်းကို အတွင်းရေးမှူး ဒေါက်တာငွေစန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ လေ့လာချက်စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ တင်ဝင်းကျော် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လေ့လာချက်စာတမ်းကို အတွင်းရေးမှူး ဒေါက်တာစိုင်းစံဝင်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လေ့လာချက်စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဆွေဝင်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အကျိုးဆောင်စာရင်းစစ် ဒေါ်သင်းသင်း ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

၄။ အသင်းကြီး၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ဦးတည် ချက်တူညီသော ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး တက်ကြွစွာလှုပ်ရှားဆောင်ရွက်ရန်။

ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်

၁။ မိခင်သေနှုန်း၊ ကလေးသေနှုန်း ကျဆင်းရေးကို ဦးတည်လျက် ကိုယ်ဝန်ဆောင်မိခင်တိုင်း ကိုယ်ဝန်စောင့်ရှောက်မှု ခံယူကြစေရေး၊ အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်များအား အချိန်မီလွှဲပြောင်းပေးနိုင်ရေးနှင့် ကျွမ်းကျင်သူများနှင့် မွေးဖွားနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်း၍ စည်းရုံးပညာပေး ကူညီဆောင်ရွက်ရန်။(ကျေးလက်ဒေသများနှင့် မြို့ပေါ် ဆင်ခြေဖုံးရပ်ကွက်များတွင် အထူးအလေးထားဆောင်ရွက်ရန်)

၂။ ဒေသခံ အရန်သားဖွားဆရာမများ ဆက်လက်မွေးထုတ်ပေးရန်။

၃။ ကလေးသူငယ်ကင်ဆာရောဂါများကို စောစီးစွာရှာဖွေနိုင်ရန် ပညာပေးခြင်းနှင့် ကုသကာကွယ်စောင့်ရှောက်မှုပေးရန်။

၄။ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငှက်ဖျား၊ တီဘီ၊ HIV/AIDS ရောဂါ ကာကွယ်ရေးလုပ်ငန်းများအပြင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တစ်ဦးချင်း ကာကွယ်ရေးအစီအစဉ်များ၊ လက်တွေ့လေ့ကျင့်ဆောင်ရွက်ရေးပြုလုပ်ရန်နှင့် ကူးစက်မြန်ရောဂါများ ဖြစ်ပွားလာပါက မိခင်နှင့်ကလေးအသင်းဝင်များမှ သိလျှင်သိချင်း နီးရာကျန်းမာရေးဌာနသို့ အလျင်အမြန်သတင်းပို့ရန်။

၅။ မိသားစုကျန်းမာရေးအတွက် အာဟာရအသိပညာ တိုးမြှင့်စေရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်စွာ ချက်ပြုတ်စားသောက်တတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

၆။ မိသားစုပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ ရေကောင်းရေသန့် ရရှိသုံးစွဲရေးနှင့် ယင်လုံအိမ်သာ ရာနှုန်းပြည့်အသုံးပြုရေး ကြိုးပမ်းဆောင်ရွက်ရန်။

၇။ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းတွင် မိသားစုများအား ဆေးဖက်ဝင်သော အပင်များ စိုက်ပျိုးစေခြင်းနှင့် တိုင်းရင်းဆေးပညာသင်တန်းများကို တက်ရောက်သင်ယူစေရန်။

၈။ ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင် ဖန်တီးပေးရန်နှင့် အမှိုက်ကင်းစင်သော ကျောင်းများသတ်မှတ်နိုင်ရေး ဆောင်ရွက်ပေးရန်၊ သွေးလွန်တုပ်ကွေး ကာကွယ်နိုင်ရန် Aedes Free School များ သတ်မှတ်ဆောင်ရွက်ရန်၊ ကျောင်းများကို ဆေးလိပ်ကင်းစင်နယ်မြေ သတ်မှတ်ဆောင်ရွက်ရန်။

၉။ အနာဂတ်အတွက် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် မူလတန်းကြိုကျောင်းများ တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်ပေးရန်နှင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ခွင့်ရရှိပြီး မူလတန်းပညာပြီးမြောက်အောင် သင်ကြားခွင့်ရရှိစေရေးနှင့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအတွက်လည်း ကူညီပံ့ပိုးရန်။

၁၀။ စာမတတ်သူများအား ရှာဖွေဖော်ထုတ်၍ စာတတ်မြောက်ရေးကူညီဆောင်ရွက်ရန်၊ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

၁၁။ မိသားစုဝင်ငွေ တိုးပွားစေရန် အသေးစားချေးငွေလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ရန်။

၁၂။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးများ ဆက်လက်ဖော်ထုတ်ဆောင်ရွက်၍ လက်ရှိဆောင်ရွက်လျက်ရှိသော ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ရန်နှင့် ဆယ်အိမ်စုမှူးများမှ မိမိနေရပ်တွင် ဖွား/သေစာရင်းများကို နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပို့ခြင်း ကူညီဆောင်ရွက်ရန်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၅-၂၀၀၇
(စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	သူတို့ရှိရင်ကြီးပွားပြီ တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
၈:၀၀	တစ်ပတ်အတွင်း အားကစားသတင်း
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ရေထဲကငွေ
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	သီးချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	အသည်းကင်ဆာသိကောင်းစရာ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း)
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	ကလေးတို့အတွက်လက်ဆောင် (ခတ်ပုံဘောင်ကလေး)
၁၀:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကာကွယ်ကယ်ဆယ်ရေးလုပ်ငန်းများ (အထပ်မြင့်အဆောက်အအုံများ မီးဘေးကာကွယ်ရေးနှင့်အရေးပေါ် လွတ်မြောက်ရေးအကြောင်း သိကောင်းစရာများ)
၁၀:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် (ဒေါက်တာအေးကျော်) (ဇီဝကမ္မဗေဒ)
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	**စက်မှုဇုန်မှာကျွန်မစက်ရုံလာတည်တော့မယ်** ဖြိုးငွေစိုး၊ သဇင်၊ မိုးဒီ၊ ခင်မို့မို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၁၁:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀	မေတ္တာကိုအခြေပြုနယ်လှည့်လို့ ကုတဲ့ယာဉ်(တောင်ကုတ်ခရီးစဉ်)
၁၂:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၀	လှပဝင့်ထည်မြန်မာ့ကြိမ်ထည်
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	ဖန်တီးရုပ်ကြွဗေဒါရိုးပစ္စည်းအလှ
၁:၀၀	MRTV-4 အပိတ် Logo

ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ချီးကျူးပူဇော်

ရန်ကုန် မေ ၄

နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တကဝိန္ဒစာရနှင့် ဥပတောဝိဘင်္ဂစရဘွဲ့ရဆရာတော် ဘဒ္ဒန္တဇာနေယျတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် မော်ကျွန်းပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒ အကျိုးတော်ဆောင် ဆရာတော်နှင့် သံဃာတော်များကြွရောက်တော်မူပြီး ရွှေပေါက်ကံမြို့သစ် ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး မော်ကျွန်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် တေးသံရှင် မဥ္ဇူသင်းက ဂုဏပူစာရတုပိုဒ်စုံဖြင့် သီကျူးပူဇော်ပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ဘွဲ့တံဆိပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ **(က-ပ)**

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ် မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက်၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၅:၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၆:၁၀	Man;City-Man;Utd	5-Sports(Live)
၈:၂၅	Fulham-Liverpool	5-Sports(Live)
	Westham-Bolton	5-Series(Live)
	Wigan-Middlesbrough	5-Cartoons(Live)
၁၀:၄၀	Aston Villa-Sheffield	5-Series(Live)
၁၁:၀၀	Everton-Portsmouth	5-Sports(SDD)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲကို ယနေ့ည၇နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့်ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် အကောင်းဆုံးစာတမ်းဆု ဒုတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

ညစာစားပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင် စကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက ဂါရဝလက်ဆောင် ပေးအပ်သည်။

ဆုချီးမြှင့်

ယင်းနောက် ၂၀၀၆ ခုနှစ်အတွက် လုပ်ရှားမှု ထူးချွန်ဆုရရှိကြသော တိုင်းများအား ဆုများချီးမြှင့်ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ပထမဆုရ မန္တလေးတိုင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း၊ တတိယဆုရ ဧရာဝတီတိုင်း၊ အထူးဆုရရှိကြသော ပဲခူးတိုင်း (အရှေ့ပိုင်း)နှင့် တနင်္သာရီတိုင်းတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၆ ခုနှစ်အတွက် လှုပ်ရှားမှု ထူးချွန်ဆု ရရှိကြသော ပြည်နယ်များအား ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ပထမဆုရ မွန်ပြည်နယ်၊ ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တတိယဆုရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ အထူးဆုရရှိကြသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် အကောင်းဆုံးစာတမ်းဆု ရရှိကြသော ပြည်နယ်နှင့်တိုင်းများအား ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တတိယဆုရ မန္တလေးတိုင်း၊ အထူးဆု ရရှိကြသော ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ တိုင်းအဆင့်ပတ်ဝန်းကျင် ကျန်းမာရေးအထူးဆု (ယင်လုံအိမ်သာ လွှမ်းခြုံမှု)ဆုရ မန္တလေးတိုင်းနှင့် ပြည်နယ်အဆင့် ပတ်ဝန်းကျင်ကျန်းမာရေးအထူးဆု (ယင်လုံအိမ်သာလွှမ်းခြုံမှု)ဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့အား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆုများချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ထုတ်ဝေသော မေတ္တာစမ်းရေမဂ္ဂဇင်းအတွက် စာမူများ တည်းဖြတ်ဆောင်ရွက်ပေးသော စာပေအနုပညာရှင်ကြီးများအား မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်က ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ညစာတည်ခင်း

ထို့နောက် ညစာစားပွဲ၌ ဖျော်ဖြေပေးသော မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့အား မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါက်တာဒေါ်ဝေဝေသာက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဧည့်သည်တော်များအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ၂၀၀၆ ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု တိုင်းအဆင့် တတိယဆုရ ဧရာဝတီတိုင်းအသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး တိုင်းအဆင့် ပတ်ဝန်းကျင်ကျန်းမာရေး အထူးဆု (ယင်လုံအိမ်သာလွှမ်းခြုံမှုဆု)ရ မန္တလေးတိုင်း အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ခရမ်းမြို့ ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် မေ ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဘဒ္ဒန္တဇောတိကအား ဂုဏဝိသိဋ္ဌပူဇာသဘင်ကို (ကဆုန်လပြည့်ကျော် ၆ရက်) မေ၆ရက် (တနင်္ဂနွေနေ့)တွင် ယင်းကျောင်းတိုက်၌ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ပူဇာသဘင်ကျင်းပရေးကော်မတီမှ ရပ်ဝေးရပ်နီးနေ တပည့်ရဟန်းတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လာရောက်၍ အတူတကွ ပူဇော်ကြရန် ပင့်လျှောက်ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကြက်ခြေနီနေ့
၂၀၀၇ ခုနှစ် မေလ ၈ ရက်
World Red Cross Day
8th May 2007
"Together for Humanity"
"လူမှုကရုဏာ စာနာရေး ဝိုင်းဝန်းလက်တွဲဖော်ဆောင်ပေး"
မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများစည်းဝေး

နေပြည်တော် မေ ၄

ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို မန္တလေးမြို့၌ ယနေ့ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး မစ္စတာ ဟွေးကန်သောလ်ဗိုရာ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ထောင်းလွန်း၊ စီဆုလစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာနစ်ဖိဘွန်း ဆွန်ခရမ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဖန်ဇာခီရမ်းတို့ တက်ရောက်ကြသည်။

ပူးတွဲထုတ်ပြန်

အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးအတွက် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မန္တလေးမြို့၌ မေ ၃ရက်က ကျင်းပခဲ့ပြီး အက်မက်စ်အောက်ရှိ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများအပေါ်တွင်လည်းကောင်း၊ အက်မက်စ်နိုင်ငံခြားရေး ဝန်ကြီးများ၏ ပူးတွဲထုတ်ပြန်ချက်ကို သက်ဆိုင်ရာဝန်ကြီးများအနေဖြင့် ထုတ်ပြန်နိုင်ရေးအတွက် လည်းကောင်း၊ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးကို မေ၄ရက် နံနက်၉နာရီက မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးတွင် အက်မက်စ်အဖွဲ့ဝင် နိုင်ငံများအကြား အစဉ်တည်ရှိနေသော ချစ်ကြည်ရင်းနှီးမှု စိတ်ဓာတ် အိမ်နီးနားချင်းကောင်းပီသမှုနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေပြု၍ ဆွေးနွေးကြသည်။

ထပ်လောင်းအတည်ပြု

အစည်းအဝေးတွင် ဝန်ကြီးများသည် ခိုင်မာသော နိုင်ငံရေးကတိကဝတ်ကို လည်းကောင်း၊ ပုဂံပဋ္ဌာရပ် စာတမ်းပါ ရည်မှန်းချက်များနှင့် ဦးတည်ချက်များအား ပိုမိုခိုင်မာ ရှင်သန်တိုးတက်စေရေးအတွက်လည်းကောင်း၊ ယှဉ်ပြိုင်နိုင်မှုတိုးတက်ရေး စီးပွားရေးကွာဟချက် ကျဉ်းမြောင်းရေးနှင့် ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်းကောင်း၊ အဆိုပါ ပုဂံကြေညာချက် စာတမ်းအား ထိရောက်စွာနှင့် အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက်လည်းကောင်းထပ်လောင်း အတည်ပြုကြသည်။

ပူးပေါင်းဆောင်ရွက်

ဝန်ကြီးများသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်မှုများ၊ ခရီးသွားလာရေး၊ ပြည်သူ့ကျန်းမာရေးနှင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး စည်းလုံးညီညွတ်မှုမြှင့်တင်၍ လည်းကောင်း၊ အပြန်အလှန်လေးစားမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အက်မက်စ်နိုင်ငံများအကြား သွက်လက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ဒေသတွင်းတိုးတက်ဝပြောစေလိုသည့်ဆန္ဒကို ထုတ်ဖော်ခဲ့ကြသည်။ အစည်းအဝေး အပြီးတွင် ဝန်ကြီးများသည် ပူးတွဲထုတ်ပြန်ချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြသည်။

အစည်းအဝေးကျင်းပသည့် ရက်များအတွင်း ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖန်ဇာခီရမ်းနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ နစ်ဖိဘွန်း ဆွန်ခရမ်တို့သည် ဝန်ကြီး ဦးဉာဏ်ဝင်းအား သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ဂုဏ်ပြုညစာတည်ခင်း

မေ၃ရက်ညနေပိုင်းတွင် မန္တလေးတောင် ဂေါက်ကွင်း၌ ဝန်ကြီးများသည် ချစ်ကြည်ရေး ဂေါက်သီးကစားခဲ့ကြကာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြပြီး မန္တလေးမြို့တွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။ ညပိုင်းတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပါဝင်

ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ကို ၂၀၀၃ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပုဂံထိပ်သီး ညီလာခံအပြီးတွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပုဂံထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ထိုင်းနိုင်ငံမှ ဝန်ကြီးချုပ်များ တက်ရောက်ခဲ့ကြသည်။ အက်မက်စ်၏ ရည်ရွယ်ချက်များမှာ စီးပွားရေးတည်တံ့မှု ထိန်းသိမ်းနိုင်ရေး၊ ဒေသခွဲအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးတို့ဖြစ်သည်။ ၂၀၀၄ခုနှစ်တွင် ဗီယက်နမ်သည် အက်မက်စ်အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့သည်။ **(သတင်းစဉ်)**

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မီးသတ်ယာဉ်များကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၄

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် မေ၃ရက်တွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမြင့်၏ အစီအစဉ်ဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသော ဂျပန်နိုင်ငံ Rotary Club က ပေးပို့လှူဒါန်းသည့် မီးသတ်ယာဉ်၁၆စီး အနက်ပထမသုတ်အဖြစ် ရောက်ရှိလာသော မီးသတ်ယာဉ် ခြောက်စီးတို့၏ အခြေအနေကိုတာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပါကစ္စတန်တွင် မိုဘိုင်းလ်ဖုန်း သုံးစွဲမှုမြင့်တက်

အစ္စလမ္မာဘတ် မေ ၄

ပါကစ္စတန်နိုင်ငံတွင် ယခုနှစ် မတ် ၃၁ ရက်အထိ မိုဘိုင်းလ်ဖုန်း သုံးစွဲသူအရေအတွက်သည် ၅၅ ဒသမ ၆၂ သန်းရှိလာကြောင်း၊ ပါကစ္စတန်နိုင်ငံ ကြေးနန်းဆက်သွယ်ရေးအဖွဲ့၏ မှတ်တမ်း၌ ဖော်ပြကြောင်း ပါကစ္စတန် သတင်းဌာန အေပီပီက ဧပြီ ၃၀ ရက်၌ ဖော်ပြသည်။

အဆိုပါအရေအတွက်မှာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလက အရေအတွက် ၅၂ ဒသမ ၈၈ သန်းမှ တိုးမြင့်လာခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံရှိ မိုဘိုင်းလ်ဖုန်း ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် မိုဘိုင်းလ်လင့်လုပ်ငန်းက အရေအတွက် ၂၄ ဒသမ ၆၅ သန်း၊ ယူဖုန်းလုပ်ငန်းက ၁၁ ဒသမ သန်း ၆၀ ၊ တီလီနော က ၉ ဒသမ ၀၇ သန်း၊ ဝါရစ်လုပ်ငန်း က ၈ ဒသမ ၉၆ သန်း၊ ပက်တဲလ် က ၁ ဒသမ ၀၃ သန်းနှင့် အင်စတက် ဖုန်းက ၀ ဒသမ ၃၁ သန်းတို့ အသီးသီး ရောင်းချခဲ့ရသည်။

ပိုမိုမြင့်မား

ပါကစ္စတန်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းသုံးစွဲမှုမှာ ဖေဖော်ဝါရီလကထက် မတ်လ၌ ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ဟွန်ဒိုင်းမော်တော်ကား ထုတ်လုပ်မှု လုပ်ငန်းခွင်ကို မေ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အယ်လ်ဘေးနီးယား အလှမယ်

အယ်လ်ဘေးနီးယားနိုင်ငံ ၂၀၀၇ ခုနှစ် အလှမယ်ပြိုင်ပွဲ၌ ဆုရရှိသူ တစ်ဦးကို မေ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယလေကြောင်းက အဲဘတ်စ် စတင်ပျံသန်းမည်

မွမ်ဘိုင်း မေ ၄

အိန္ဒိယ လေကြောင်းလိုင်းသည် လာမည့်ဇွန်လမှ စတင်ကာ ကုန်တင်လေယာဉ်များ စတင်ပြေးဆွဲပျံသန်းရန်အတွက် ပြီးခဲ့သည့် ဧပြီ ၂၇ ရက်က အဲဘတ်စ်အေ ၃၁၀ ကုန်တင်လေယာဉ် တစ်စင်းကို ပထမဆုံးလက်ခံရရှိခဲ့ပြီ ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက မေ ၁ ရက်တွင် ပြောကြားသည်။

ဒုတိယမြောက် ကုန်တင်လေယာဉ်မှာလည်း မကြာမီအချိန်အတွင်း လက်ခံရရှိမည် ဖြစ်သည်။ အိန္ဒိယလေကြောင်းလိုင်းသည် အိန္ဒိယနိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်မှစတင်ကာ ခရီးသည်တင်လေယာဉ်များ စတင်ပျံသန်း ပြေးဆွဲခဲ့သည်။

အဆိုပါကုန်တင်လေယာဉ်များကို ဂျာမနီအခြေစိုက် ဥရောပ လေကြောင်းကာကွယ်ရေးနှင့် အာကာသလုပ်ငန်း (အီးအေဒီအက်စ်)မှ လေယာဉ်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ခုနစ်သန်းခန့်ဖြင့် မှာယူခဲ့ခြင်းဖြစ်သည်။

အိန္ဒိယလေကြောင်း အနေဖြင့် လာမည့် သုံးနှစ်ကျော်ကာလအတွင်း တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ခြောက်သန်းခန့်တန်သော ကုန်တင်လေယာဉ်ခြောက်စင်း ထပ်မံဝယ်ယူဖြည့်ဆည်းသွားမည် ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ပီတီအိုင်**

အိုပက်မှ အာရှသို့ ရေနံအလုံအလောက်ပို့မည်

ရီယာ့ဒ် မေ ၄

ပင်လယ်ကွေ့ ရေနံတင်ပို့ရောင်းချသော အိုပက်အဖွဲ့ဝင်နိုင်ငံများက အာရှဒေသသို့ ယင်းတို့၏ရေနံများ တင်ပို့ရောင်းချနေရာတွင် အလုံအလောက် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း မေ ၃ ရက်က ပြောကြားလိုက်သည်။

သို့သော်လည်း ဈေးနှုန်းသက်သက်သာသာဖြင့် ပေးနိုင်မည် မဟုတ်ဟု ဆိုသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် ဇန်နဝါရီလက တစ်စည်လျှင် ဒေါ်လာ ၅၀ ခန့်ရှိရာမှ ယခုအခါ အမေရိကန် ဒေါ်လာ ၆၇ ဒေါ်လာအထိ ဈေးတက်လာသည်။

အမ်အင်န်အေ၊ရိုက်တာ

အိန္ဒိယကုန်စည်တင်ပို့မှု လေးနှစ်အတွင်း အနှေးကွေးဆုံးဖြစ်

နယူးဒေလီ မေ ၄

အိန္ဒိယနိုင်ငံ၏ ၂၀၀၇ ခုနှစ် မတ်လက ကုန်စည်တင်ပို့မှုသည် ယခင်နှစ် အလားတူ ကာလကထက် ၈ ဒသမ ၈၄ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၅၈ဘီလီယံ ရရှိခဲ့သော်လည်း ယင်းမှာ လွန်ခဲ့သော လေးနှစ်အတွင်း ကုန်စည်တင်ပို့မှုမှာ အနှေးကွေးဆုံးဖြစ်ခဲ့ကြောင်း အိန္ဒိယစီးပွားရေးဝက်ဘ်ဆိုက် တစ်ခုတွင် မေ ၃ ရက်က ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မာလာဝီမှပြောင်းဖူး ဇင်ဘာဘွေသို့တင်ပို့

လီလောင်ဝီ မေ ၄

မာလာဝီနိုင်ငံသည် ဇင်ဘာဘွေနိုင်ငံသို့ ပြောင်းဖူးတန်ချိန် လေးသိန်း စတင်၍ တင်ပို့ရောင်းချလျက်ရှိကြောင်း မာလာဝီဘဏ္ဍာရေးဝန်ကြီး ဂေါက်ဝီက မေ ၁ ရက်တွင် ပြောကြားသည်။

မာလာဝီနိုင်ငံသည် ယခုနှစ်တွင် မိုးလေဝသ ကောင်းမွန်မှုကြောင့် ယခုနှစ်တွင် ပြောင်းဖူးတန်ချိန် ၃ ဒသမ ၁ သန်းထွက်ရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

နှစ်သန်း ၁၂၀ခန့်က ပုစွန်အရိုးစု မက္ကဆီကို သိပ္ပံပညာရှင်များတွေ့ရှိ

မက္ကဆီကိုစီးတီး မေ ၄

ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံး ပုစွန်တုပ်ကြီးတစ်ကောင်၏ အရိုးစုကို မက္ကဆီကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြကြောင်း၊ အဆိုပါ ပုစွန်တုပ်ကြီးမှာ လွန်ခဲ့သော နှစ်ပေါင်းသန်း ၁၂၀ခန့်က အမေရိကတွင် ရှင်သန်ကျက်စားခဲ့သော ပုစွန်တုပ်ကြီးဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ ပုစွန်တုပ်ကြီး၏ အရိုးစုမှာ အရှည် ၄ဒသမ၇လက်မရှိပြီး အခွံနှင့် ခြေလက်များမှာ နဂိုပကတိ နီးပါးအတိုင်း တည်ရှိနေဆဲဖြစ်ကြောင်း၊ ၎င်း အရိုးစုကို မက္ကဆီကိုနိုင်ငံ ချီရာပက်စ် ပြည်နယ်တောင်ပိုင်း ရွှံ့ညွှန်များ ရှိရာအရပ်၌ ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က တွေ့ရှိခဲ့ရသော ပုစွန်အရိုးစုများမှာ နှစ်သန်း၂၀ ခန့်က အရိုးစုများဖြစ်ရာ ယခုတွေ့ရှိရသည့် ပုစွန်အရိုးစုမှာ နှစ်သန်း ၁၂၀ခန့်က ဖြစ်သဖြင့် ပိုမိုရှေးကျကြောင်း မက္ကဆီကို သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ပုစွန်ကြီးမှာ လွန်ခဲ့သော နှစ်သန်း ၁၂၀ခန့်က အမေရိကတွင် ကျက်စားခဲ့သော်လည်း အမေရိကနှင့် အာဖရိကတို့သည် ထိုအချိန်က နီးကပ်စွာ တည်ရှိခဲ့သဖြင့် ကူးသန်းသွားလာမှုရှိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကိုလံဘီယာ၌ စစ်ရဟတ်ယာဉ် ပျက်ကျ

ဘိုဂိုတာ မေ ၄

ကိုလံဘီယာနိုင်ငံ၏ စစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံတောင်ပိုင်း တောတောင်ထူထပ်သော ဒေသတစ်ခု၌ မေ ၂ ရက်က ပျက်ကျခဲ့ရာ လူခုနစ်ဦး သေဆုံးခဲ့ကြောင်း ကိုလံဘီယာ အာဏာပိုင်များက ပြောကြားသည်။

ပျက်ကျ

အဆိုပါ ရဟတ်ယာဉ်သည် ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တော်၏ တောင်ဘက်ကီလိုမီတာ ၃၅၀ အကွာ၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး မည်သည့်အတွက်ကြောင့် ပျက်ကျခဲ့မှုကို သတင်းမထုတ်သေးကြောင်း သိရသည်။

ကြိုးစားလျက်ရှိ

ကိုလံဘီယာနိုင်ငံသည် ဆယ်စုနှစ် လေးခုတာကာလကြာအောင် ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခဖြစ်နေမှုကို အဆုံးသတ်ရန် ကြိုးစားလျက်ရှိရာ ယခု ရဟတ်ယာဉ် ပျက်ကျခဲ့သော ဒေသသည်ပဋိပက္ခအများဆုံးဖြစ်ပွားရာဒေသလည်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှု ဖြစ်ပေါ်နေသည်ကို မေ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာ၌ မိုးသည်းထန် ရေလွှမ်းမှုဖြစ်ပွား၊ ငါးဦးသေဆုံး

ကိုလံဘို မေ ၄

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ မေ၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ ငါးဦးသေဆုံးခဲ့ရကြောင်း သီရိလင်္ကာအရာရှိများက ပြောကြားသည်။

ပြတ်တောက်

ကိုလံဘိုမြို့၌ မိုးသည်းထန်ပြီးရေလွှမ်းခဲ့သဖြင့် မြို့တွင်းရှိလမ်းများ ရေများဖုံးလွှမ်းလျက်ရှိရာမှ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရသည်ဟု အဆိုပါ သတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကြာသပတေးဂြိုဟ်၏ အုံ့မခန်းဓာတ်ပုံများ အာကာသယာဉ်မှ ပြန်လည်ပေးပို့

လန်ဒန် မေ ၄

ပလူတိုဂြိုဟ်သို့ အမေရိကန် နာဆာကလွှတ်သည့် နယူးဟော်ရိုက်ဇွန် အာကာသယာဉ်သည် ကြာသပတေးဂြိုဟ် အနီးမှဖြတ်၍ ပျံသန်းစဉ် ကြာသပတေးဂြိုဟ်မှ အုံ့မခန်းဖွယ်ဓာတ်ပုံများ(အောက်ပုံ)**ကို ကမ္ဘာမြေပြင်သို့ ပြန်ပို့သည်။**



ထိုပုံများတွင် ကြာသပတေးဂြိုဟ်၏ လေထုအတွင်း မုန်တိုင်းကျသည့် ပထမဆုံးအနီးကပ်ပုံနှင့် ကြာသပတေးဂြိုဟ်၏ အကြီးဆုံးလ လေးခုအနက် အိုင်အိုလ၏မျက်နှာပြင်မှ မီးတောင်ပေါက်ကွဲမှုဓာတ်ပုံတို့လည်းပါဝင်သည်။

ပြန်ပို့

ပလူတိုဂြိုဟ်သို့ အသွားနှုန်းမြှင့်တင်ရန်အတွက် ကြာသပတေးဂြိုဟ်အနီး ၂၁သမ၃သန်းကီလိုမီတာ အကွာမှ နယူးဟော်ရိုက်ဇွန် အာကာသယာဉ် ဖြတ်သန်းစဉ် ဓာတ်ပုံများကိုရိုက်ကူးပြီး ကမ္ဘာမြေပြင်သို့ပြန်ပို့ခြင်း ဖြစ်သည်။ နယူးဟော်ရိုက်ဇွန် အာကာသယာဉ်သည် လွှတ်တင်ထားသည့် အာကာသယာဉ်များအနက် ရွေ့လျားမှုအမြန်ဆုံး ယာဉ်ဖြစ်သည်။ **(အင်တာနက်)**

အီရတ်၌ အကြမ်းဖက်မှုများ ချုပ်ငြိမ်းပပျောက်လိုလျှင် အမေရိကန်နှင့်အပေါင်းပါတို့ အီရတ်နိုင်ငံမှ ထွက်ခွာပေး

တီဟီရန် မေ ၄

အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်မှထွက်ခွာသွားရန် အီရန်သမ္မတ မာမွတ်အမာဒီနီဂျက်က အီရတ်၌ တိုက်ခိုက်မှုများနှင့်စပ်လျဉ်းသည့် နိုင်ငံတကာဆွေးနွေးပွဲတစ်ရပ် မကျင်းပမီတစ်ရက်အလို တိုက်တွန်းဆော်ဩလိုက်သည်။

ဖြေရှင်းနိုင်လိမ့်မည်

အမေရိကန်နှင့် အပေါင်းပါတို့ အီရတ်မှ ရုပ်သိမ်းမှသာလျှင် အစိုးရ ပါလီမန်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ကို အသိအမှတ်ပြုနိုင်လိမ့်မည်ဖြစ်ပြီး ပြဿနာကိုလည်း ဖြေရှင်းနိုင်လိမ့်မည်ဖြစ်ကြောင်း အမာဒီနီဂျက်က သတင်းထောက်များအား ပြောကြားသည်။

ပြောကြား

အမာဒီနီဂျက်က အထက်ပါစကားကို အီဂျစ်၌ မေ ၃ ရက်နှင့်၄ရက်တွင်ကျင်းပသော အီရတ်ဆိုင်ရာ အစည်းအဝေးမတိုင်မီ ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်တပ်များ အီရတ်မှ ထွက်ခွာမှသာလျှင် အကြမ်းဖက်မှုများ ချုပ်ငြိမ်းပပျောက်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

နေ့စဉ်ဖြစ်ပွားနေ

အမေရိကန်နှင့် အပေါင်းပါ တပ်များ အီရတ်ကို ၂၀၀၃ ခုနှစ်က ကျူးကျော် တိုက်ခိုက်ခဲ့သဖြင့် အီရတ်နိုင်ငံတွင် သွေးထွက်သံယိုမှုများ နေ့စဉ်ဖြစ်ပွားနေကြောင်းလည်း အီရန်နိုင်ငံက ပြောကြားသည်။

ပိုမိုဆိုးရွားလာ

အမေရိကန်၏ အီရတ်ဆိုင်ရာ မူဝါဒသည် အကြမ်းဖက် တိုက်ခိုက်မှုများကိုသာ တိုးပွားလာစေကြောင်း၊ အမေရိကန်တပ်များ အီရတ်၌ ရှိနေခြင်းမှာ အခြေအနေ ပိုမိုဆိုးရွားလာနေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မာနော့ချာမော့တာကီက အီဂျစ်၌ ကျင်းပသော အီရတ်ဆိုင်ရာလုံခြုံရေး အစည်းအဝေး၌ ပြောကြားလိုက်သည်။ **(အင်တာနက်)**

အိုင်အမ်အက်ဖ်နှင့် ကမ္ဘာ့ဘဏ်မှထွက်မည်ဟု ဗင်နီဇွဲလားသမ္မတ ပြောကြား

ကာရာကတ် မေ ၄

ဗင်နီဇွဲလားနိုင်ငံက ဝါရှင်တန်၌ အခြေစိုက်သည့် အဖွဲ့အစည်းများဖြစ်သည့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)နှင့် ကမ္ဘာ့ဘဏ်မှ နုတ်ထွက်တော့မည်ဖြစ်သည်။ ဤသည်မှာ ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်အနေဖြင့် နိုင်ငံတကာစီးပွားရေး အသိုက်အဝန်းနှင့် ကင်းကင်းရှင်းရှင်းနေမည့် လက္ခဏာဖြစ်ကြောင်း ရိုက်တာက ဖော်ပြထားသည်။

ပြောကြား

ဗင်နီဇွဲလားနိုင်ငံသည် အမေရိကန် နယ်ချဲ့တို့အုပ်စီးထားသည့် အဖွဲ့အစည်းများကို လိုအပ်တော့မည်မဟုတ်ကြောင်း ဗင်နီဇွဲလားသမ္မတချာဗက်ဇ်က ဧပြီ ၂၉ရက်က ပြောကြားလိုက်သည်။

သမ္မတချာဗက်ဇ်သည် တောင်အမေရိကနိုင်ငံများ၏ ငွေချေးဘဏ်တစ်ခုကို အစားထိုးထူထောင်ရန် စီစဉ်နေသည်။

ပြတ်တောက်

အိုင်အမ်အက်ဖ်နှင့် ကမ္ဘာ့ဘဏ်မှ ဗင်နီဇွဲလားနိုင်ငံ နုတ်ထွက်ခြင်းဖြင့် အမေရိကန်နိုင်ငံသို့ ပဋ္ဌမအများဆုံး ရေနံရောင်းသည့်နိုင်ငံနှင့် ထွန်းသစ်စနိုင်ငံများသို့ ငွေချေးသည့် အဖွဲ့အစည်းများအကြား အဆက်အသွယ် ပြတ်တောက်သွားစေမည် ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဖလော်ရီဒါတွင် ပစ်ခတ်မှု ခြောက်ဦး ဒဏ်ရာရရှိ

ဝါရှင်တန် မေ ၄

အမေရိကန်တောင်ပိုင်း ဖလော်ရီဒါပြည်နယ် ဂျက်ဆွန်ဗီလီဒေသတွင် မေ ၁ ရက်က ပစ်ခတ်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူခြောက်ဦးဒဏ်ရာရခဲ့ကြောင်း အမေရိကန် မီဒီယာက သတင်းထုတ်ပြန်သည်။

ယင်းဒေသဝန်းကျင်ရှိ သီးခြားအဆောက်အအုံတစ်ခုအနီးတွင် ယင်းပစ်ခတ်မှုကြောင့် သေဆုံးသူမရှိကြောင်း၊ ဒဏ်ရာရသူများသည်အသက်အန္တရာယ် မစိုးရိမ်ရကြောင်း ဒေသခံရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ပထမ ပစ်ခတ်မှုတွင် လူနှစ်ဦး ဒဏ်ရာရပြီး၊ ဒုတိယ ပစ်ခတ်မှု၌ လေးဦး ဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်မှုတွင် ပါဝင်သည့် ပစ်ခတ်သူ ဦးရေကို မသိရသေးကြောင်း၊ ဒဏ်ရာရသူများသည် မည်သူမည်ဝါ ဖြစ်သည်ကို ချက်ချင်း မသိရသေးဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးများပေါက်ကွဲမှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် မေ၃ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က မေ၃ရက်၌ သတင်းထုတ်ပြန်သည်။

ပေါက်ကွဲ

အဆိုပါ လမ်းဘေးဗုံးပေါက်ကွဲမှုများမှာ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့သည်။

ထို့အတူ ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင်လည်း အမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးစီးလာသော မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် အဆိုပါအမျိုးသမီးတပ်ဖွဲ့ဝင်မှာ ဒဏ်ရာရရှိခဲ့ပြီး ရရှိသောဒဏ်ရာဖြင့်ပင် သေဆုံးသွားခဲ့သည်။

တိုက်ခိုက်

ယခုသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များမှာ အဆိုပါအရပ်များတွင် လုံခြုံရေးနှင့် စစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိုင်ဘီအမ်မှ အလုပ်သမား ၁၃၀၀ လျှော့ချမည်

ဝါရှင်တန် မေ ၄

နိုင်ငံတကာစီးပွားရေးစက်မှုလုပ်ငန်း(အိုင်ဘီအမ်)က အမေရိကန်နိုင်ငံတစ်ဝန်းတွင် အလုပ်သမား ၁၃၀၀ ခန့် လျှော့ချ သွားမည်ဖြစ်ကြောင်း သည်ဝေါစထရိတ်ဂျာနယ်က မေ ၂ရက်၌ သတင်းထုတ်ပြန် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ တစ်ဝန်းတွင် အိုင်ဘီအမ် အလုပ်သမား လျှော့ချမည့် အစီအစဉ်ကို မိမိရရှိထားကြောင်း အမေရိကန် အလုပ်သမား အဖွဲ့အစည်း တစ်ခုက ပြောကြားသည်။

အိုင်ဘီအမ် စီးပွားရေးလုပ်ငန်းအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် အလုပ်သမားပေါင်း ၃၅၄၀၀၀ရှိကြောင်း၊ ၎င်း အရေအတွက်မှာ ယခုနှစ် ပထမလေးလတာကာလကုန်ဆုံးချိန် စာရင်းဖြစ်ကြောင်း အိုင်ဘီအမ်ကထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကလေးငယ် ၁၀ဦးပါသော ဆိုင်ကယ်ကို နားရွက်ဖြင့် ဆွဲပြသူ

ကလေးငယ်၁၀ဦး လိုက်ပါစီးနင်းထားသော ဘေးတွဲဆိုင်ကယ်တစ်စီးကို နားရွက်တစ်ဖက်တည်းဖြင့် ဆွဲပြနေသူတစ်ဦးကို တွေ့ရစဉ်။(ယာပုံ)

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ်မှ ဟူဆွာကျန် အမည်ရှိ တရုတ်နိုင်ငံသား လူငယ်တစ်ဦးက တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ဟီဖိုင်ပန်းဥယျာဉ် အတွင်း၌ ကလေးငယ်၁၀ဦး လိုက်ပါစီးနင်းထားသော ဘေးတွဲမော်တော်ဆိုင်ကယ် တစ်စီးကို နားရွက်တစ်ဖက်တွင် ကြိုးဖြင့်ချည်ကာ ဆွဲပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

စက်ဘီးစီးသော ဝက်ဝံ

စက်ဘီးစီးနေသောဝက်ဝံတစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ရှန်ဟိုင်း အမျိုးသားဥယျာဉ် အတွင်း ဝက်ဝံတစ်ကောင်သည် စက်ဘီးကျွမ်းကျင်မှုရှိရန်အတွက် လေ့ကျင့်သူတစ်ဦးနှင့်အတူ နေ့စဉ် စက်ဘီးစီး လေ့ကျင့်နေကြောင်း သိရသည်။ **(အင်တာနက်)**

စပိန်နိုင်ငံတွင် ငါးထပ်တိုက်တန်းပြိုကျ

မက်ဒရစ် မေ ၄

စပိန်နိုင်ငံ ဗလင်စီယာမြို့တွင် မေ ၁ ရက် နံနက်ပိုင်းက ငါးထပ်အဆောက်အအုံ တိုက်တန်းပြိုကျခဲ့ရာ အနည်းဆုံးသုံးဦးသေဆုံးပြီး ၁၆ဦးဒဏ်ရာရခဲ့ကြောင်း စပိန်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

ယိုစိမ့်

ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၆နာရီ ဝန်းကျင်၌ ဖြစ်ပွားခဲ့သော ပေါက်ကွဲမှု၏ အကြောင်းရင်းမှာ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဖြစ်နိုင်ကြောင်း မီးသတ်သမားများ၏ ပြောကြားချက်ကို ကိုးကား၍ အစိုးရရုပ်မြင်သံကြားဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

တည်ရှိ

မက်ဒရစ်မြို့၏ မြောက်ဘက် ကီလိုမီတာ၂၄၀အကွာ ဗလင်စီယာမြို့ရှိ ဘုရားရှိခိုးကျောင်းအနီးတွင် ၎င်းအဆောက်အအုံတည်ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နွေရာသီအဆင့်မြင့် ဘောလုံးအားကစားသင်တန်း ဖွင့်လှစ် နည်းစနစ်နှင့် အခြေခံမှန်ကန်၍ ကလေးများအတွက် အကျိုးရှိ မျိုးဆက်သစ် ဘောလုံးသမားများထွက်ပေါ်ရေး အထောက်အကူပြု

သတင်းဆောင်းပါး – ခိုင်းရဲရင့်၊ ဓာတ်ပုံမှတ်တမ်း – ကိုကိုစိုးညွန့်

ရန်ကုန် မေ ၄

မြန်မာ့ဘောလုံးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် နည်းစနစ်မှန်ကန်၍ အခြေခံကောင်းပြီး အသက်အရွယ်မှန်ကန်သည့် မျိုးဆက်သစ်ဘောလုံးသမားကောင်းလူငယ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအဆင့်မြင့် ဘောလုံးအားကစားသင်တန်းကို ဧပြီ ၂၇ ရက်မှစ၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်း(၃) နှင့် (၄)တို့တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ရည်ရွယ်ချက်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အနေဖြင့် ယခုနွေရာသီအဆင့်မြင့် ဘောလုံး အားကစားသင်တန်းကို လူငယ်လေးများအား ဘောလုံး အားကစားနည်းကို အခြေခံမှစ၍ နည်းစနစ်များကို စနစ်တကျ သင်ကြားပေးပြီး ဘောလုံးအားကစား နည်းကို စိတ်ပါဝင်စား ကျွမ်းကျင် နားလည်၍ လေ့လာလိုက်စားခြင်းဖြင့် လူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ် ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။

ဘောလုံးသင်တန်းများကို နှစ်စဉ် ဖွင့်လှစ်ပေးနိုင်လျှင် မြန်မာ့ဘောလုံး အတွက် အကျိုးရှိမည်ဟု သင်တန်းနည်းပြ ကြီးကြပ်သူ ဦးခင်မောင်တင့် က ပြောကြားသည်။ (ဓာတ်ပုံ–ကိုကိုစိုးညွန့်)

တက်ရောက်နေ

အဆိုပါ နွေရာသီအဆင့်မြင့် ဘောလုံးအားကစားသင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၂၆ ရက်အထိ တစ်လ ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းသား ၁၁၇ ဦး၊ သင်တန်းသူ သုံးဦး စုစုပေါင်း ၁၂၀ တက်ရောက် သင်ကြားနေကြသည်။ မြန်မာ့လက် ရွေးစင်နှင့် လူငယ်လက်ရွေးစင် နည်းပြ ရှစ်ဦးတို့က အပတ်စဉ် တနင်္ဂနွေနေ့မှအပ နေ့စဉ် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိ သင်ကြား ပေးလျက်ရှိသည်။ အသက်(၈)၊ (၉)၊ (၁၀)နှစ်အတန်းနှင့် အသက်(၁၁)၊ (၁၂)၊ (၁၃)နှစ်အတန်းဟူ၍ အတန်း နှစ်တန်း ခွဲခြားထားသော်လည်း သင်တန်း၌ အသက်(၈)၊ (၉)၊ (၁၀)၊ (၁၁)နှစ် အုပ်စုတစ်စု၊ အသက်(၁၂) နှစ် အုပ်စုတစ်စုနှင့် အသက်(၁၃) နှစ် အုပ်စုတစ်စုဟူ၍ အုပ်စုသုံးခုခွဲ၍ သင်ကြားနေပြီး နည်းပြများအဖြစ် အသက်(၈)နှစ်မှ (၁၁)နှစ်အုပ်စုကို ဦးရွှေဘော်၊ ဦးဇော်လေးအောင်၊ အသက်(၁၂)နှစ် အုပ်စုတွင် ဦးအုန်း ကြိုင်နှင့် ဦးထွန်းတင့်အောင်၊ အသက် (၁၃)နှစ်အုပ်စုတွင် ဦးကျော်လွင်နှင့် ဦးအောင်ထွန်းထွန်းတို့က သင်ကြား ပြသလျက်ရှိသည်။ သင်တန်းနည်းပြ ကြီးကြပ်သူများအဖြစ် ဦးအေးမောင် လေးနှင့် ဦးခင်မောင်တင့်တို့က ဆောင်ရွက်နေသည်။

သင်တန်းသားများ လေ့ကျင့်

မြန်မာ့ဘောလုံး တိုး တက် ရေး ကို အထောက်အကူပြု နိုင်မည့် နွေရာသီ အဆင့်မြင့် ဘောလုံး သင်တန်း၌သင်တန်း သားများ ဘောလုံး အ ခြေ ခံ များ ကို ဤသို့ လေ့ကျင့်ကြ သည်။ (ဓာတ်ပုံ– ကိုကိုစိုးညွန့်)

တွေ့ဆုံမေးမြန်း

အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရမည့် ဘောလုံးသမားကောင်း များဖြစ်လာစေရန်နှင့် ထူးချွန်ထက်မြက် သည့် ဘောလုံးသမားကောင်းများ ဖြစ် ချင်သည့်လူငယ်လေးများအား အကောင် အထည်ဖော်ပေးနိုင်မည့်သင်တန်းတစ်ခု ဟု ခေါ်ဆိုနိုင်သော နွေရာသီအဆင့်မြင့် ဘောလုံး အားကစားသင်တန်း ဖွင့်လှစ် ရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက် တာ ဦးစိုးမြင့်လွင်နှင့် သင်တန်း နည်းပြဆရာ ကြီးကြပ်သူ ဦးခင်မောင် တင့်တို့အား တွေ့ဆုံ မေးမြန်းခဲ့ပါ သည်။

နည်းစနစ်ဒါရိုက်တာ ဦးစိုးမြင့်လွင် က "မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် မြန်မာ့ဘောလုံးတိုးတက် ရေးကို အားထည့်ဆောင်ရွက်နေပါ ကြောင်း၊ မြန်မာ့ဘောလုံးလောကတွင် နောင်တစ်ချိန်၌ အားထားရမည့် မျိုး ဆက်သစ်လေးများ ပေါ်ထွက်ရေးကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေပါ ကြောင်း၊ ယခု နွေရာသီအဆင့်မြင့် ဘောလုံးသင်တန်းမှာလည်း မျိုးဆက် သစ်ဘောလုံးသမားများ ထွက်ပေါ်ရေး ကို အထောက်အကူပြုမည့်သင်တန်း တစ်ခုဖြစ်ပါကြောင်း၊ သင်တန်းမှာ တစ်လသာကြာသော်လည်း နည်းစနစ် နှင့် အခြေခံမှန်ကန်စွာ သင်ကြားပေး သည့် သင်တန်းတစ်ခုဖြစ်သည့်အတွက် ကလေးတွေအတွက် အကျိုးရှိမှာ အမှန် ပင်ဖြစ်ကြောင်း၊ သင်တန်းပြီးသည့်အခါ မှာလည်း တက်ရောက်သူများအနေဖြင့် မိမိဘာသာ ပြန်လေ့ကျင့်ရင်း လေ့ကျင့် သလောက် အကျိုးရှိမှာဖြစ်ကြောင်း၊ သင်တန်းမှ ဘောလုံးပါရမီကောင်းပြီး အလားအလာရှိသည့် ကစားသမားများ ကို ရွေးထုတ်ပြီး သက်တန်းအလိုက် ပြိုင်ပွဲတွေ ယှဉ်ပြိုင်စေမည်ဖြစ်ပါ ကြောင်း၊ ဘောလုံးသမားကောင်း တစ်ဦးဖြစ်ရန် (၁)ဘောလုံးပါရမီ ရှိရမည်၊ (၂)ဘောလုံးပါရမီရှိရုံဖြင့် မရဘဲ ပံ့ပိုးပေးမည့် အသိုင်းအဝိုင်း လိုမည်၊ (၃) နည်းစနစ်မှန်မှန် သင်ကြားပေးနိုင်မည့် နည်းပြကောင်း လိုမည်၊ (၄) ပြိုင်ဘက်ကောင်း ပြိုင်ပွဲ ကောင်းများ ရှိရမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်သူများ အစွမ်းကုန် ကြိုးစားလေ့ကျင့်လျှင် မျှော်မှန်းထားသည့် အဆင့်ကိုရောက်ရှိ နိုင်ပါကြောင်း" ပြောကြားသွားသည်။

အခြေခံနည်းစနစ်

သင်တန်းနည်းပြ ကြီးကြပ်သူ ဦးခင်မောင်တင့်က သင်တန်းလေ့ကျင့်မှု အစီအစဉ်နှင့်ပတ်သက်၍ "မိမိတို့ နည်းပြ အဖွဲ့အနေဖြင့် သင်တန်းတက် ရောက်လာသူအားလုံးကို ဘောလုံး အခြေခံနှင့် နည်းစနစ်များကို ကျွမ်းကျင် တတ်မြောက်အောင် သင်ကြားပေးနေ ကြောင်း၊ နည်းပြရှစ်ဦးစလုံး၏ အကြံ ဉာဏ်များပေါင်းစပ်ကာ သင်ကြားပေး နေခြင်းဖြစ်ကြောင်း။

သင်တန်းသား သင်တန်းသူ ၁၂၀ ထဲမှာ အလားအလာရှိသည့် ကလေး တွေရှိသလို လိုအပ်သည့်ကလေးများ ကို တွေ့နေရကြောင်း ဘောလုံးပါရမီ၊ ဗီဇကောင်းပြီး အလားအလာရှိသည့် ကလေးများကိုလည်း တွေ့ရကြောင်း၊ သင်တန်း၌ အခြေခံနှင့် နည်းစနစ် ကျကျ သင်ကြားပေးနိုင်ရန် လေ့ကျင့်မှု တစ်နေ့ပြီးတိုင်း နည်းပြအဖွဲ့အားလုံး ဆွေးနွေးကာ နောက်တစ်နေ့အတွက် ပြင်ဆင်ပါကြောင်း။

သင်တန်း၌ သင်ကြားပေးရာတွင် လည်း Training Programme ချမှတ်ဆောင်ရွက်နေကြောင်း၊ သင်တန်း စစချင်းမှာ ဘောလုံးနှင့် များများ ထိတွေ့နိုင်အောင် Ball Feeling ကို စတင်သင်ကြားပေးနေကြောင်း၊ ဒါပြီး ရင် ဘောလုံးကို ခေါင်း၊ ပေါင်၊ ခြေဖျားတို့ဖြင့်တော့သည့် လေ့ကျင့်ခန်း ဘောလုံးကို အနီး၊ အဝေး၊ အပြင်၊

ယခု သင်တန်းမှ အလား အလာရှိသူများကို ရွေးထုတ်ပြီး သက်တန်းအလိုက်ပြိုင်ပွဲများအား ယှဉ်ပြိုင်စေမည်ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ် ဒါရိုက်တာဦးစိုးမြင့်လွင် က ပြော ကြားသည်။ (ဓာတ်ပုံ–ကိုကိုစိုးညွန့်)

အပျော့(ဘယ်/ညာ)ကန်ခြင်း လေ့ကျင့် ခန်း၊ ဘောလုံးအပေးအယူနှင့် သယ်ယူ ခြင်း လေ့ကျင့်ခန်း၊ ခေါင်းတိုက်ပုံ အမျိုးမျိုး လေ့ကျင့်ခန်းမှ ဘောလုံးကို လိမ်ဆွဲခြင်း၊ ထိန်းယူခြင်း၊ လက်မှလွဲ၍ ခန္ဓာကိုယ် အစိတ်အပိုင်းများပါဝင် လေ့ကျင့်ခန်းများကို တစ်လအတွင်းမှာ သင်ကြားပေးမှာ ဖြစ်ပါကြောင်း၊

အနီးကပ် သင်ကြားပြသ

နည်းပြ ဦးခင်မောင်တင့် သင် တန်း သား တစ် ဦး အား အနီးကပ် သင် ကြားပြသစဉ်။ (ဓာတ်ပုံ– ကိုကိုစိုးညွန့်)

ထို့အပြင် ဘောလုံးထရိန်နင် ဗီဒီယိုများ ကို ဗုဒ္ဓဟူးနေ့တိုင်း မိနစ် ၂၀ ခန့် ပြသ၍ သင်ကြားပေးမှာဖြစ်ပါကြောင်း၊ နည်းစနစ်အားလုံး တတ်မြောက်ရန် တစ်လနှင့် မလုံလောက်ကြောင်း၊ သို့သော် ဘောလုံးသမားတစ်ဦး၏ ပုံစံ ကျအောင် လက်အနေအထားကအစ သင်ကြားပေးပါကြောင်း၊ လူငယ် (ယူ–၁၇)လက်ရွေးစင်အသင်းကိုင်တုန်း က နိုင်ငံခြားနည်းပြ မင်ဘော့စကီးနှင့် တွဲလုပ်ခဲ့၍ ၎င်းဆီက လေ့ကျင့်ခန်း တစ်ခုကို အသားကျအောင် ကြိမ်ဖန် များစွာ လေ့ကျင့်မှုများ၊ အခြေခံကျကျ သင်ကြားသည့် ပညာများရရှိခဲ့၍ ယခု သင်ကြားရာမှာ တစ်စိတ်တစ်ဒေသ အထောက်အကူပြုပါကြောင်း၊ မိမိတို့ နည်းပြအဖွဲ့ကလည်း လေ့ကျင့်ခန်း တစ်ခုကို ကျွမ်းကျင်အောင်သင်ကြား ပြီးမှ နောက်တစ်ခုပြောင်းပြီး သင်ကြားပေးကြောင်း၊ ဘောလုံး လောကအတွက် အထောက်အကူပြု နိုင်မည့် ယခုသင်တန်းမျိုးတွင် သင် ကြားရာ၌ နည်းစနစ်မှန်မှန် သင် ကြားပေးနိုင်ရန်လိုကြောင်း၊ နည်း စနစ်မှားတွေ သင်ကြားပေးလိုက် လျှင် ကလေးတွေအတွက် အကျိုး မရှိနိုင်ပါကြောင်း၊ ထူးချွန်သည့် လူငယ်ဘောလုံးသမားကောင်းတွေ ထွက်ပေါ်ရန် ယခုလို သင်တန်းမျိုးကို နှစ်စဉ်ဖွင့်လှစ်နိုင်ရန် လိုပါကြောင်း" ပြောကြားသွားသည်။

စိတ်ပါဝင်စား

ယနေ့အချိန်အခါတွင် မြန်မာ့ အားကစားအဆင့်အတန်း တိုးတက် မြင့်မားလာစေရန် နိုင်ငံတော်က အဘက်ဘက်မှ ချီးမြှောက်ဆောင် ရွက်နေသလို မြန်မာနိုင်ငံ၏ အဓိက အားကစားနည်းဖြစ်သော ဘောလုံး အားကစားနည်းကို တစ်နိုင်ငံလုံးမှ စိတ်ပါဝင်စားစွာ အားပေးနေသည် ကို တွေ့ရသည်။ ထို့ကြောင့် မြန်မာ နိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဘောလုံးအားကစားဖြင့် နိုင်ငံတော် ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရန် အတွက် လက်ရွေးစင်အသင်းများနှင့် လူငယ် လက်ရွေးစင်အသင်းများ အား နည်းစနစ်မှန်မှန်နှင့် လေ့ကျင့်မှု ဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေး ခြင်း၊ အောင်မြင်မှုရရှိရန် အားပေး ချီးမြှောက်ခြင်း၊ ပြည်တွင်း ဘောလုံး အဆင့်အတန်းအား တိုးတက်မြင့်မား လာစေရန် ဆောင်ရွက်ခြင်းများ အပြင် အနာဂတ်ကာလအတွက် ရည်မှန်းပြီး မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာရေးတို့အတွက် အထူး ကြိုးစားဆောင်ရွက်လျက်ရှိပေသည်။

ယခု ဖွင့်လှစ်လျက်ရှိသည့် နွေ ရာသီအဆင့်မြင့် ဘောလုံးသင်တန်း မှာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၏ စီစဉ်ကြီးကြပ်မှု ဖြင့် မြန်မာ့လက်ရွေးစင်နှင့် လူငယ် လက် ရွေးစင်နည်းပြများဖြင့် ပထမ ဦးဆုံး အကြိမ် ဖွင့်လှစ်သင်ကြားခြင်း ဖြစ် သည်။ အသက်ကန့်သတ်ချက် ဖြင့် ရွေးချယ်ဖွင့်လှစ်သည့် ယခု သင်တန်းတွင် အရည်အချင်း ပြည့်ဝ သည့် လက်ရွေးစင်နည်းပြများက သင် ကြားနေခြင်းဖြစ်ရာ ဘောလုံးကို ချစ်မြတ်နိုးသည့် ဘောလုံးသမား ကောင်းဖြစ်ချင်သည့် လူငယ်လေး များကို အရည်အသွေး ပိုမိုတောက် ပြောင်လာပြီး မျိုးဆက်သစ် လူငယ် ဘောလုံးသမားဘဝမှ နောင်တစ်ချိန် တွင် မြန်မာ့လက်ရွေးစင်အသင်း၌ အားထားရမည့် ဘောလုံးသမားများ အဖြစ် ထွက်ပေါ်လာနိုင်မည်မှာ အသေအချာပင်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

အသက်(၁၃)နှစ် အုပ်စု၏နည်းပြ ဦးကျော်လွင် ဤသို့ ကိုယ်တိုင်သင်ကြားပြသပေးလျက်ရှိသည်။ (ဓာတ်ပုံ–ကိုကိုစိုးညွန့်)

ကမ္ဘာ့တစ်လွှား အားကစား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

အေစီမီလန် ကွင်းလယ်ကစားသမား ဆီးဒေါ့ဖ်

မီလန် မေ ၄

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းကို အောင်မြင်မှုများ ရရှိရန် စွမ်းဆောင်ပေးနေသူများတွင် အေစီမီလန် ကွင်းလယ်ကစားသမား ဆီးဒေါ့ဖ်လည်း အပါအဝင်ဖြစ်သည်။

ဆီးဒေါ့ဖ်ကို ၁၉၇၆ ခုနှစ် ဧပြီ ၁ရက်က နယ်သာလန်နိုင်ငံတွင် မွေးဖွားခဲ့ပြီး ငယ်စဉ်ကပင် ကွင်းလယ်၌ ထူးချွန်စွာ ကစားနိုင်သူတစ်ဦး ဖြစ်သည်။ အသက် (၁၈) နှစ် အရွယ်၌ နယ်သာလန်ဘောလုံးအသင်း၏ အရန်ဘောလုံးသမားအဖြစ် ရွေးချယ်ခြင်းခံရပြီးနောက်ပိုင်း နယ်သာလန်လက်ရွေးစဉ်အဖြစ် ဆက်တိုက် ပါဝင်ကစားခဲ့သူဖြစ်သည်။

စတင်ခြေချ

ဆီးဒေါ့ဖ်အနေဖြင့် အီတလီမြေသို့ စတင်ခြေချခဲ့သည်မှာ ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ၌ဖြစ်ပြီး စတင်ကစားခဲ့သောကလပ်မှာ အင်တာမီလန်ဖြစ်သည်။ ဆီးဒေါ့ဖ်သည် ထိုနှစ်က အင်တာမီလန်အတွက် ၁၄ပွဲကစားပေးခဲ့ပြီး သုံးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

အေစီမီလန်ရောက်

ဆီးဒေါ့ဖ်၏ ခြေစွမ်းကို သဘောကျခဲ့သော အေစီမီလန်အသင်းက နောက်နှစ် ဘောလုံးရာသီ၌ အင်တာမီလန်မှနေ၍ အရခေါ်ယူခဲ့ရာ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီတွင် ဆီးဒေါ့ဖ် အေစီမီလန်အသင်းသို့ ရောက်ရှိခဲ့လေသည်။

မိခင်အသင်း

အေစီမီလန်အသင်းတွင် ထိုနှစ် စီးရီးအေ ပွဲပေါင်း ၂၄ပွဲ ကစားပေးခဲ့ပြီး လေးဂိုးသွင်းယူပေးနိုင်ခဲ့သလို ချန်ပီယံလိဂ် ပွဲပေါင်း ၁၃ ပွဲ ကစားပေးခဲ့ကာ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့အတူ မိခင်ကလပ် နယ်သာလန်အသင်းအတွက်လည်း ချစ်ကြည်ရေးဘောလုံးပွဲများ ကစားပေးခဲ့သည်။ ထိုနှစ်က အေစီမီလန်တို့ စီးရီးအေ၌ တတိယသာ ရရှိခဲ့သည်။

စွမ်းဆောင်နိုင်ခဲ့

ကွင်းလယ်၌ ကစားရာတွင် အင်အားသုံး ကစားနိုင်ပြီး ဘောလုံးလမ်းကြောင်းကို ကောင်းစွာတွက်ချက်တတ်သူတစ်ဦးဖြစ်သည့်အပြင် တိုက်စစ်ကိုလည်း လိုက်ပါပံ့ပိုးနိုင်သူဖြစ်ရာ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် ဆီးဒေါ့ဖ်အနေဖြင့် စီးရီးအေပွဲစဉ် ၂၆ပွဲ ကစားခဲ့ပြီး သုံးဂိုးသွင်းပေးနိုင်ခဲ့သည်။ တိုက်စစ်မှူးများအတွက် တိကျသော ဘောလုံးခင်းပေးမှုများကို ပံ့ပိုးနိုင်ခဲ့မှုကြောင့် ထိုနှစ်က အေစီမီလန်အသင်းကို စီးရီးအေ ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အေစီမီလန် ကွင်းလယ်ကစားသမား ဆီးဒေါ့ဖ်။ (ဓာတ်ပုံ-အင်တာနက်)

ထို့အတူ ၂၀၀၄-၂၀၀၅ဘောလုံးရာသီတွင်လည်း အေစီမီလန်အတွက် စီးရီးအေပွဲပေါင်း ၂၆ပွဲနှင့် ချန်ပီယံလိဂ် ၁၀ ပွဲ ကစားပေးနိုင်ခဲ့ပြီး ဂိုးပေါင်း ခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ထိုနှစ်က အေစီမီလန်တို့ စီးရီးအေဖလားကို လက်လွှတ်ခဲ့ရပြီး ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဘောလုံးကစားရာတွင် တည်ငြိမ်မှု၊ ဘောလုံးအဖြတ်အတောက် ကောင်းမှုနှင့် ဂိုးသွင်းသေချာမှုတို့ကြောင့် စပိန်နှင့် ဂျာမနီထိပ်တန်း ကလပ်အသင်းများကခေါ်ယူခဲ့သော်လည်းငြင်းပယ်ခဲ့ပြီး အေစီမီလန် အသင်း၌ပင် ဆက်လက်ကစားခဲ့သည်။ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် အေစီမီလန်အတွက် စီးရီးအေပွဲပေါင်း ၃၀ နှင့် ချန်ပီယံလိဂ်ပွဲပေါင်း ၁၁ပွဲ ကစားပေးခဲ့ပြီး ခြောက်ဂိုး သွင်းယူ ပေးနိုင်ခဲ့သော်လည်း ထိုနှစ်က စီးရီးအေ၌ အေစီမီလန်တို့ တတိယသာ ရရှိခဲ့သည်။

ဂိုးများသွင်း

၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင်မူ ဆီးဒေါ့ဖ်အနေဖြင့် အေစီမီလန်အတွက် လောလောဆယ် စီးရီးအေ၌ ၂၅ ပွဲကစားပေးထားပြီး ခြောက်ဂိုး သွင်းယူထားနိုင်သလို ချန်ပီယံလိဂ်တွင်လည်း ၁၁ပွဲ ကစားပေးထားကာ သုံးဂိုး သွင်းယူထားနိုင်သည်။ ထို့အတူ အေစီမီလန်အတွက် ကိုပါအီတာလီယာ ဘောလုံးပွဲ သုံးပွဲ ကစားပေးခဲ့ရာ ယခုနှစ် ဘောလုံးရာသီ၌ စုစုပေါင်း ၁၀ ဂိုး သွင်းယူပေးထားပြီးဖြစ်သည်။

တတိယနေရာ

အေစီမီလန်အသင်းအနေဖြင့် စီးရီးအေတွင် ယခုအချိန်အထိ ၃၄ ပွဲ ကစားပြီးချိန်အထိ တတိယနေရာ၌ ရှိနေဆဲဖြစ်သော်လည်း ထိပ်ဆုံးမှအင်တာမီလန်နှင့် ပွဲတူ ၁၇ မှတ် ကွာလျက်ရှိနေရာ ယခုနှစ် စီးရီးအေဖလားကို လက်လွှတ်ခဲ့ရပြီဖြစ်သည်။

ချန်ပီယံလိဂ်ဖလား

သို့သော် ချန်ပီယံလိဂ်တွင်မူ နောက်ဆုံးဗိုလ်လုပွဲသို့ ရောက်ရှိခဲ့ပြီဖြစ်ရာ ၂၀၀၅ ခုနှစ်က လက်လွှတ်ခဲ့ရသော ချန်ပီယံလိဂ်ဖလားကို အရယူရန် အေစီမီလန်အတွက် ဆီးဒေါ့ဖ် မည်သို့ကြိုးစားပေးမည်ကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **အာဆင်ဝင်းဂါး အားကားလင်းဖလားဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ ရုန်းရင်းဆန်ခတ်ဖြစ်မှုတွင် ပါဝင်ခဲ့မှုဖြင့် အက်ဖ်အေက ပေါင် ၂၅၀၀ ဒဏ်ရိုက်လိုက်သည်။**

* မစ်ဒယ်ဘရော့ နောက်တန်းလူ တေလာသည် ခြေထောက်ခွဲစိတ်ခံရမည်ဖြစ်၍ လာမည့်လ ယူ-၂၁ ပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ ပါဝင်နိုင်မည်မဟုတ်ဟု ၎င်းကလပ်က ပြောကြားသည်။

* **အဲဗာတန်ဂိုးသမား တန်နားသည် ၎င်းကလပ်နှင့် ၂၀၁၁ ခုနှစ်အထိ စာချုပ် ထပ်မံချုပ်ဆိုလိုက်သည်။**

* ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ္စတားသည် ဝါဆော၌ကျင်းပသောမြေသားနှင့် မြက်ခင်းတစ်ဖက်စီပြုလုပ်ထားသော တင်းနစ်ပြိုင်ပွဲတွင် ယူကရိန်းမှ ဗာလူလင်ကိုအား ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။

(အင်တာနက်)

ပရီမီယာလိဂ်ဖလား ရရှိရေးကြိုးစားမည် မန်ယူနည်းပြ ဖာဂူဆန်ပြောကြား

လန်ဒန် မေ ၄

မန်ချက်စတာယူနိုက်တက်အသင်းသည် ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီးနောက် နည်းပြဖာဂူဆန်က ပရီမီယာလိဂ်ဖလားရရှိရေးအတွက် အဓိကကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဖာဂူဆန်

မန်ယူနည်းပြ ဖာဂူဆန်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူတို့ မေ၂ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဖလားပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့တွင် အေစီမီလန်အသင်း၏ အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ မန်ယူတို့ အေစီကို နှစ်ပွဲပေါင်းရလဒ် ငါးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မျှော်လင့်ချက်

ချန်ပီယံလိဂ်ဖလားမှ ထွက်ခဲ့ရသော်လည်း မန်ယူတို့ ယခုနှစ်ရာသီတွင် ဒုတိယအရေးကြီးဆုံးဖြစ်သည့် ပရီမီယာလိဂ်ဖလားဆွတ်ခူးရန် မျှော်လင့်ချက်ရှိနေကြောင်း ဖာဂူဆန်က ပြောကြားသည်။

မေ ၅ရက် **(ယနေ့)**တွင် မန်ယူတို့ မန်စီးတီးနှင့် ကစားရမည်ဖြစ်သည်။ ထိုနေ့တွင် ချယ်လ်ဆီးအသင်းသည် အာဆင်နယ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

ကိုးကြိမ်မြောက်

ထိုနေ့တွင် မန်ယူက မန်စီးတီးအသင်းကို အနိုင်ရချိန်တွင် ချယ်လ်ဆီးက အာဆင်နယ်ကိုရှုံးခဲ့လျှင် ဖာဂူဆန်သည် ၎င်း၏လက်ထက်တွင် မန်ယူကို ကိုးကြိမ်မြောက် ပရီမီယာလိဂ်ဖလား ရယူပေးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ကစား အက်စပန်းညိုနှင့် အက်ဖ်စီဆီဗီလာတို့ ဗိုလ်လုပွဲ တက်ရောက်

ဘာလင် မေ ၄

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဝါဒါဘရီမင်နှင့် အက်စပန်းညို၊ အက်ဖ်စီဆီဗီလာနှင့် အိုဆာဆူနာတို့ မေ ၃ ရက်က ယှဉ်ပြိုင်ကစားရာ အက်စပန်းညိုက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အက်ဖ်စီဆီဗီလာက အိုဆာဆူနာကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဝါဒါဘရီမင်နှင့် အက်စပန်းညို

ဝါဒါဘရီမင်တို့ အိမ်ကွင်း၌ အဖွင့်ဂိုး စောစီးစွာသွင်းယူနိုင်ခဲ့သော်လည်း အက်စပန်းညိုတို့က ချေပဂိုးနှင့် အနိုင်ဂိုးများကို သွင်းယူနိုင်ခဲ့သည်။ ဝါဒါဘရီမင်အတွက် အဖွင့်ဂိုးကို ပွဲချိန်လေးမိနစ်၌ပင် ဝါဒါဘရီမင် တိုက်စစ်မှူး အယ်မီဒါက သွင်းယူပေးခဲ့သည်။

အက်စပန်းညိုအတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၅၀ ၌ ကွင်းလယ်ကစားသမား ဖာရန်ကိုရိုက သွင်းယူပေးခဲ့ပြီး အနိုင်ဂိုးကို အက်စပန်းညိုနောက်ခံလူ လာခရုဇ်က သွင်းယူပေးခဲ့သဖြင့် အက်စပန်းညိုတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ပွဲပေါင်းရလဒ် တစ်ဂိုး-ငါးဂိုးဖြင့် ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီ ဖြစ်သည်။

အက်ဖ်စီဆီဗီလာနှင့် အိုဆာဆူနာ

အက်ဖ်စီဆီဗီလာတို့က ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ပထမဂိုးကို ပွဲချိန် ၃၇မိနစ်၌ တိုက်စစ်မှူး ဖာဘီရာနိုက သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ၅၃မိနစ်၌ ကွင်းလယ်ကစားသမား ရီနာတိုက သွင်းယူလိုက်သဖြင့် အက်ဖ်စီဆီဗီလာတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိသဖြင့် အက်ဖ်စီဆီဗီလာသည် နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် အက်ဖ်စီဆီဗီလာနှင့် အိုဆာဆူနာတို့ပွဲတွင် အိုဆာဆူနာမှ ဒေးဗစ်လိုပက်ဇ် (ယာ) **ထိုးဖောက်ကစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီး၏ ပရီမီယာလိဂ်ဖလား မျှော်မှန်းချက် ပြီးဆုံးမှုမရှိသေးဟု ပီတာကင်ယွန်းပြောကြား

လန်ဒန် မေ ၄

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီ ဖြစ်သော်လည်း ပရီမီယာလိဂ်ဖလားယှဉ်ပြိုင်မှုမှာ မပြီးဆုံးသေးကြောင်း ချယ်လ်ဆီးအသင်း အမှုဆောင်အရာရှိ ပီတာကင်ယွန်းက ပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်းသည် လီဗာပူးအသင်းကို ပိုင်နယ်တီ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။

စနေနေ့တွင် မန်ယူက မန်စီးတီးကိုနိုင်ချိန် ချယ်လ်ဆီးက အာဆင်နယ်ကို ရှုံးခဲ့လျှင် ချယ်လ်ဆီးတို့ အက်ဖ်အေဖလားကိုသာ အရကစားရန် ရှိတော့သည်။ **(အင်တာနက်)**

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ပဒတ္တိုင်းရွာနေ
ဦးခင်မောင်ဝင်း(အထပြ၊ငြိမ်း)၊ ဒေါ်ခင်မူ(အလပြ)တို့၏သားကြီး

ပိုလ်ကြီးသန့်ဇော်မောင်

(လ/ထ ကထိက၊ တပ်မတော်ဆေးတက္ကသိုလ်)

နှင့်

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးကျေးရွာ၊
စစ်ကိုင်းချည်မျှင်နှင့်အထည်စက်ရုံ၊စခန်းသာရပ်ကွက်နေ
ဦးခင်ညွန့်(အလုပ်ရုံခွဲမှူး၊ငြိမ်း)၊ ဒေါ်ကြီး(ထုတ်/ကျွမ်း-၃)
တို့၏သမီး

ပိုလ်အေမီညွန့်

(အမှတ်-၂၊တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ၊ ခုတင်-၃၀၀)

တို့သည် ၂၉-၄-၂၀၀၇ရက်တွင် နှစ်ဖက်မိဘများရှေ့မှောက်၌စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်ဗိုလ်ကြီးသန့်ဇော်မောင်-ဗိုလ်အေမီညွန့်။

မွေးနေ့ဆုတောင်း

မကြီး မမိုးမိုး(ခ)မမိုးသဇင်ချို၏ ၅-၅-၂၀၀၇ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သောမိသားစုနှင့် ထာဝရပျော်ရွှင်နိုင်ပါစေ။

မကြီးချစ်သော မောင်လေးမိသားစု
ကိုအောင်သူရ
မသန္တာအောင်
မောင်ဟန်ထွန်းဇော်
မမြတ်နိုးအောင်။

တရားဝင်ဇနီးဖြစ်ပါကြောင်း

ကိုအောင်သူမြင့်စိုး ၁၂/ရကန(နိုင်)၀၆၁၅၃၉နှင့် ကျွန်မ မလပြည့်ဝန်း ၁၂/တမန(နိုင်) ၀၉၇၅၁၂တို့သည် ၃၁-၈-၁၉၉၉ ရက်မှစ၍ ယနေ့အထိ နှစ်ဦးသဘောတူ လက်ထပ်ပေါင်းသင်းခဲ့ရာ သားယောကျ်ားလေးတစ်ဦး ရရှိခဲ့ပါသည်။ ကျွန်မသာလျှင် ကိုအောင်သူမြင့်စိုး၏တရားဝင်ဇနီး ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

မလပြည့်ဝန်း
၁၂/တမန(နိုင်)၀၉၇၅၁၂
၁၅၊မာလာမြိုင်လမ်း၊(၁၆)ရပ်ကွက်၊
ဘောက်ထော်၊ရန်ကင်းမြို့နယ်၊
ဖုန်း-၅၄၃၀၀၂၊ ၅၄၈၂၃။

ရမှတ်ကောင်းရမည်
IELTS
Call: 514273
Time

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံကူးလက်မှတ် အမှတ်-၆၁၀၁၄၃သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။
တစ်ဆင့်ခေါ်ဖုန်း-၅၄၄၁၉၆
မောင်အာကာစိုး။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးလှကြည်-ဒေါ်မြရီတို့၏သား မောင်စိုးမြင့်နိုင် ၁၁/သတန(နိုင်)၀၅၇၆၆၆ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်း ထင်ရာလုပ်သွားသောကြောင့် ၇-၄-၂၀၀၇ ရက် မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။
(မေးမြန်းခြင်းသည်းခံပါ။) ဦးလှကြည် ၁၁/သတန(နိုင်)၀၂၅၃၀၂
ဒေါ်မြရီ ၁၁/သတန(နိုင်)၀၂၅၃၁၁
မော်ရှည်ရွာ သံတွဲမြို့။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့နယ် ပြည်-ရန်ကုန်လမ်းနေ ကျွန်မ၏သမီးဖြစ်သူ မသဇ္ဈာငြိမ်း(ခ)ငြိမ်းငြိမ်း ၇/ပမန(နိုင်)၁၂၆၅၂၇သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ **(လုံးဝ)** တာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါ။

မိခင်-ဒေါ်ညွန့်ညွန့်သန်း
၇/ပမန(နိုင်)၀၃၂၇၀၉။

တီဗွီ - 1
ကားမောင်းစက်ပြင်သင်တန်း
မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ U-9 ကွက်။ ☎: 09-5120483
သိမ်ဖြူအမောင်းသင်ကွင်း။ ☎: 298787, 201188
အမှတ်(၂၁၈)၊ ကျိုက္ကဆံလမ်း။ ☎: 545155, 549764

အမှတ်(၇၀၆) ကမ္ဘာ့ဌာန်းလမ်း၊ မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်တွင် နှစ်ခန်းတွဲခြောက်ထပ်တိုက် ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘာ့ဌာန်းလမ်း၊ အမှတ် ၇၀၆ ဟု ခေါ်တွင်သော တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-FG)၊ မြေကွက်အမှတ်(၇၀၆)၊ အကျယ်အဝန်း ပေ ၃၀ x ပေ ၅၀ ရှိ ဒေါ်ကြွေ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ ခြောက်ထပ် တိုက်သစ်တစ်လုံး ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာ ကျွန်တော် ဦးစိုးညွန့်က တာဝန်ယူဆောက်လုပ်မည်ဖြစ်ပါသည်။

အဆိုပါအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့် တကွ ကြော်ငြာထည့်သွင်းသည့်နေ့ မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်တွေ့ဆုံကန့်ကွက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ဦးစိုးညွန့်
လိုင်စင်ရကန်ထရိုက်တာ
(လိုင်စင်အမှတ်-L/C - ၁၇၃ Y.C.D.C)
အမှတ် ၂၄-A ၊ မအူကုန်းလမ်းကျယ်၊
တာမွေမြို့နယ်
ဖုန်း-၀၉-၉၉-၂၁၅၂၂။

အမည်ဖြည့်စွက်ခြင်း

အဖ ဦးပေါ်လွင်စိန် ၁၂/ဒဂန(နိုင်)၀၁၁၂၇၆၏သမီး မရတနာခိုင် ၁၂/ရကန(နိုင်)၀၇၃၀၈၆ အား မရတနာခိုင်(ခ)Wendy Sein ဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်ပြောင်း

အဖဦးရွှေရင်၏သား အလက(၁) မရမ်းကုန်း ဆဋ္ဌမတန်း(A)မှ မောင်ဒေါ်လာဗိုလ်အား မောင်ဝေယံမိုးဟု အမည်ပြောင်းလဲ ခေါ်ပါရန်။ **မောင်ဝေယံမိုး။**

ဖြည့်စွက်ဖတ်ရှုပါရန်

မေ ၄ ရက် သတင်းစာပါ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ဗဟိုသင်တန်းသား ရွေးချယ်ရေး ကော်မတီ အစည်းအဝေး (၁/၂၀၀၇) ကျင်းပသတင်း၌ သင်တန်းအမှတ်စဉ်(၄၃) ဝင်ခွင့်လျှောက်လွှာ ပုံစံများကို ဩဂုတ် ၃၁ ရက် နောက်ဆုံးထားပေးပို့ရန်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

(သတင်းစဉ်)

အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များသင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
Since 1986 KMD Computer Centre (လှည်းတန်း) သင်တန်းအပ် လက်ခံနေပါပြီ။
:: i-Office :: Graphics Design :: Desktop Publishing
:: Email & Web Design :: Practical A+ :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting
KMD (လှည်းတန်း-၁) အခန်း ၃၀၊ ပထမထပ်၊ တိုက် ၁၊ စီမံကိန်းအိမ်ရာ (၁)၊ အင်းစိန်လမ်း၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း - ၅၂၇၄၄၀/ ၅၁၅၃၉၇ KMD (လှည်းတန်း-၂) ၁၅(ခ) တေးတူထပ်၊ အင်းစိန်လမ်းနှင့် ဦးထွန်းလင်းခြံလမ်းထောင့်၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း - ၅၁၂၂၁၀

အင်တာနက်ကျန်းမာရေး

အသက်အရွယ်ကြီးရင့်သူများ အက်စပရင်ဆေးများမသုံးစွဲသင့်

လန်ဒန် မေ ၄

အသက်အရွယ် ကြီးရင့်သူများ အနေဖြင့် အက်စပရင်ကဲ့သို့သော ဆေးဝါးများကို ပုံမှန်သုံးစွဲပါက လေဖြတ်ခြင်း ဝေဒနာများအား ပိုမိုခံစားရနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အားပေး

အသက် ၇၅ နှစ်အထက်ရှိသော အသက်အရွယ် ကြီးရင့်သူများသည် အက်စပရင်ဆေးဝါးများကို ကျန်းမာရေးအတွက် ပိုမို သုံးစွဲတတ်ကြကြောင်း၊ ထိုဆေးများသည် အသက်ကြီးများအား သွေးလည်ပတ်မှု အားကောင်းစေသော်လည်း လေဖြတ်နိုင်မှုကို အားပေးတတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

လေဖြတ်

အက်စပရင်ဆေးဝါးများသည် အသက် ၇၅ အောက်လူများအတွက် သုံးစွဲလျှင် ကျန်းမာရေးအတွက် အကျိုး ပြုစေနိုင်သော်လည်း အသက် ၇၅ နှစ်အထက် လူများအား လေဖြတ်မှုဝေဒနာကို ပိုမိုခံစားရစေနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင် ပါမေက္ခပီတာရုဒ်ဝဲလ်က ပြောကြားသည်။

နေထိုင်မှု

ထို့ကြောင့် အသက်အရွယ်ကြီးရင့်သူများအား အက်စပရင်ဆေးဝါးများ သုံးစွဲခြင်းထက် လူနေထိုင်မှုပုံစံ ပြောင်းလဲနေထိုင်သွားရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်အကြံပြုပြောကြားသည်။

(အင်တာနက်)

သံယုတ္တနိကာယ် မြန်မာပြန် စာမေးပွဲကျင်းပမည်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးက ကြီးမှူးကျင်းပသော (၄၁)ကြိမ်မြောက် သံယုတ္တမြန်မာပြန် စာမေးပွဲကို မေ ၁၃ ရက် (၁၃၆၉ ခုနှစ် လပြည့်ကျော် ၁၃ ရက်) တနင်္ဂနွေနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တစ်နိုင်ငံလုံးရှိ စာဖြေဌာန ၂၂ ခုတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။ သက်ဆိုင်ရာစာဖြေဌာနများသို့ ညွှန်ကြားလွှာ မေးခွန်းနှင့် အဖြေလွှာများ ပေးပို့ထားပြီးဖြစ်ရာ ရန်ကုန်တိုင်း အတွင်းရှိ မော်ဘီစာဖြေဌာန၊ တွံတေး စာဖြေဌာန၊ ဒဂုံမြို့သစ်မြောက်ပိုင်း စာဖြေဌာန၊ ကမ္ဘာအေး စာဖြေ ဌာနများ အတွက် ညွှန်ကြားလွှာ၊ မေးခွန်းနှင့် အဖြေလွှာများကို မေ ၁၂ ရက် နံနက် ၉ နာရီတွင် ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ရုံးသို့ တစ်ရက်ကြိုတင် လာရောက် ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အိန္ဒိယအရှေ့ပိုင်း အပူလှိုင်းကျရောက်၊ လူ၃၆ဦးသေဆုံးခဲ့ရ

နယူးဒေလီ မေ ၄

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဩရိဿပြည်နယ်၌ အပူလှိုင်းကျရောက်မှုကြောင့် လူ၃၆ဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာ သတင်းဝက်ဘ်ဆိုက်တစ်ခုတွင် မေ၃ရက်က သတင်းထုတ်လွှင့်သည်။

ထိုသို့အပူလှိုင်းကျရောက်စဉ် အဆိုပါဒေသ၏ အပူချိန်မှာ ၄၃ဒီဂရီဆဲလ်ဆီးယပ်ရှိကြောင်း၊ အပူချိန်မြင့်မားမှုကြောင့် အဆိုပါဒေသ၌ အလုပ်ချိန်များ ပြောင်းလဲလုပ်ကြရကြောင်း ၎င်းပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။

ဩရိဿပြည်နယ်၏ စံချိန်အမြင့်ဆုံး အပူချိန်မှာ ၂၀၀၃ခုနှစ်က ၅၀ဒသမ ၁ဒီဂရီဆဲလ်ဆီးယပ်ရှိခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

မီးဘေးရှောင် မလောင်ခင်တား

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာစာရိတ္တပညာ သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂၆ ရက်က တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာစေတီတော် မဟာမုနိဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြက သင်တန်းသူတစ်ဦးအား သင်တန်း ဆင်းလက်မှတ် ပေးအပ်စဉ်။ (၄၀၀)

ဘုတ်ပြင်း လိပ်ဥချောင်း နီပါးကျေးလက်ဖွံ့ဖြိုးရေး တံတားဖွင့်

ဘုတ်ပြင်း ဧပြီ ၂၄

ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာအုပ်စု လိပ်ဥချောင်း နီပါးကျေးလက်ဖွံ့ဖြိုးရေး တံတားဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၁ရက် နံနက် ၉ နာရီက အဆိုပါတံတားသစ်တွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး တံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်က ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကျေးလက်ဖွံ့ဖြိုးရေးတံတားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအေးလွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ဝဲပုံ)**

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး တံတားကို နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၀သိန်းနှင့် ပြည်သူလူထုလုပ်အားနှင့် ထည့်ဝင်ငွေကျပ် ၈၁ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၉၁ သိန်း အကုန်အကျခံပြီး တံတားအရှည် ၅၆၅ပေ၊ အကျယ်ခြောက်ပေရှိပြီး လိပ်ဥချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော တံတားဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့်အဖွဲ့ မတ် ၂၇ရက်က ရန်ကုန်တိုင်းခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကျောက်ချောခင်းခြင်းလုပ်ငန်း (တိုက်ကြီးမြို့နယ်အပိုင်း) လမ်းခင်း ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပြည်ပန်း–ထားဝယ် ဇော်ဂျီမြစ် လူကူးတံတားသစ်ဖွင့်

ကျောက်ဆည် ဧပြီ ၂၂

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပြည်ပန်း–ထားဝယ်ဇော်ဂျီမြစ် လူကူးတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၁ရက် နံနက် ၈နာရီက ပင်တလည်ကျေးရွာအုပ်စု ထားဝယ်ကျေးရွာရှိ အဆိုပါတံတားမုခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အလှူရှင်ဦးအုန်းခိုင်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ဇော်ဂျီမြစ် လူကူးတံတားသစ်ဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူနှင့် အတွင်းရေးမှူး ဦးအောင်မြင့်၊ ဒုတိယရဲမှူးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသီဟဆွေ နှင့် အမှုဆောင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ တံတားဆောက်လုပ်ရေး အဖွဲ့ဝင်များ၊ ပြည်ပန်း၊ ထားဝယ် ကျေးရွာများမှ ပြည်သူများ တက်ရောက်အားပေးကြသည်။

ဆောက်လုပ်

အဆိုပါတံတားမှာ အရှည်ပေ ၁၈၀၊ အကျယ် ခုနစ်ပေရှိသစ်သားတံတားဖြစ်ပြီး ငွေကျပ် ၂၁ သိန်းဖြင့် အကုန်အကျခံကာ မိုင်းပန်ကျေးရွာနေ အလှူရှင် ဦးအုန်းခိုင်–ဒေါ်လှိုင်လှိုင် မိသားစုတို့က ငွေကျပ်သုံးသိန်းမတည်၍ ကျေးရွာ ပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး မြင်းခြံ၌ ရက်သတ္တပတ်လှုပ်ရှား

မြင်းခြံ ဧပြီ ၂၅

မြင်းခြံမြို့တွင်ဧပြီ ၉ရက်မှ ဧပြီ ၁၅ရက်အထိ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုကို ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဧပြီ ၉ ရက်နံနက် ၇နာရီက စတင်၍ အမှတ် (၁၇) ရပ်ကွက် မြို့ပတ်လမ်းဆုံ ပတ်ဝန်းကျင်ရှိ ချုံနွယ်များနှင့် အမှိုက်သရိုက်များ သန့်ရှင်းရေးဆောင်ရွက်မှုကို ခရိုင်၊ မြို့နယ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၁၀၀၀ ကျော်တို့က စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ် ငါးစီးဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးလှုပ်ရှားမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးက အားပေးကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(မြို့နယ်စည်ပင်)**

မြို့နယ် သတင်းများ

အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်ရေး ပညာပေးဆွေးနွေးပွဲ မြစ်ကြီးနား၌ကျင်းပ

မြစ်ကြီးနား ဧပြီ ၂၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိသော အနေးယာဉ်များစီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဦးစီးအရာရှိ ဦးခင်အောင်နီ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးနေလင်းကျော်နှင့် စည်းကမ်းထိန်းဝန်ထမ်းများသည် မတ် ၂၆ရက်က မြစ်ကြီးနားမြို့ပေါ် ပြေးဆွဲလျက်ရှိသော မြင်းလှည်း၊ လက်တွန်းလှည်း၊ ဆိုက်ကားယာဉ်များလိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ရှိ မရှိစစ်ဆေးခြင်း၊ မြို့ပေါ်ရပ်ကွက်လမ်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်ရေးအတွက် ပညာပေးဆွေးနွေးမှုကို ကွင်းဆင်းဆောင်ရွက်ကြရာ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းအုပ်စု အနောက်ကုန်းကျေးရွာ အမက ကျောင်းခွဲအတွက် အလှူငွေကျပ် ၁၀၀၀၀၀ နှင့် ကြက်ဆူမျိုးကိုင်း၊ မျိုးစေ့များကို မတ် ၂၅ ရက်က ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမြင့်လွင်က လှူဒါန်းရာ အမကကျောင်းခွဲ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမောင်က လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

အခြေခံပညာမူလတန်းသင် ဆရာ၊ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်း သံဖြူဇရပ်၌ဖွင့်

ရန်ကုန် မေ ၄

သံဖြူဇရပ်မြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးဖွင့်လှစ်သော အခြေခံပညာမူလတန်းသင် ဆရာ၊ဆရာမသင်ကြားရေး မြို့နယ်အဆင့် မွမ်းမံသင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက်တွင် သံဖြူဇရပ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူးဦးခင်မောင်ဦး၊ လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ နည်းပြဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းသားဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ **(ဝဲပုံ)**နှင့် မြို့နယ်ပညာရေးမှူးတို့က အဖွင့်အမှာစကား ပြောကြားကြပြီး သင်တန်းခေါင်းဆောင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမင်းအောင်ဝင်းက သင်တန်းပိုင်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ရေနံ့သာလမ်း အခန်း(၁) အမှတ် (၁၀၅)နေ ဖခင်ကြီး ဦးမြဟန် (၇)နှစ်ပြည့်အား ရည်စူး၍ ဒေါ်မြနန္ဒာ(ခ)ဒေါ်ယဉ်ယဉ်နှင့် မိသားစုက ကြေးပိဋကတ်တော် လေးချပ် အလှူငွေ ကျပ်တစ်သိန်းကို လှူဒါန်းရာ ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေးအဖွဲ့ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

မိုးညှင်းမြို့၌ စားပွဲဝိုင်းဆွေးနွေး

မိုးညှင်း မေ ၁၆

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စိုးလေးသည် မိုးညှင်းခရိုင်အသင်း တွဲဖက်အတွင်းရေးမှူးဦးကျော်ဌေးလှိုင်နှင့်အတူ မတ် ၁၅ရက်က မိုးညှင်းမြို့နယ် ဘီလူးမြို့ဓမ္မာရုံ၌ ဘီလူး၊ ညောင်ကုန်း၊ ပင်းဟဲနှင့် အင်ကြင်းကုန်း ကျေးရွာအုပ်စုမှ ကျေးလက် ပြည်သူများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စုရှမ်းစုကဇာတ်ရုံ၌နန်းမား၊ အင်းကုန်းမှ ကျေးလက်ပြည်သူများကို လည်းကောင်း တွေ့ဆုံပြီး စားပွဲဝိုင်းစည်းရုံးဆွေးနွေးမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ဒေါ်တင်တင်ယဉ်နှင့် သမီး မစုစုမြင့်တို့အား ရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဖိုးစိန်လမ်း အမှတ်၃၉ ကေကေနေ ဗိုလ်ကြီး ကျော်မြင့် (ငြိမ်း)၊ ဦးကျော်ကျော်အောင်နှင့် ဇနီး ဒေါ်သင်းသင်းမြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်ဖြူမြို့နယ် ကလန်ကြမ်းကျေးရွာအုပ်စု အဝပြင်တောင်ရွာရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး ပညာရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၀ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၂)ရပ်ကွက် သာသနာ့ဟိတကျောင်းတိုက်မှ အရှင်ပညာဝံသ(မရမ်းကုန်း)၊ အရှင်ဉာဏောဘာသ(ရန်ကုန်)၊ မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းအောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဖိုးတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဟောပြော

ကလေးဝ မေ ၁

ကြက်ငှက်တုပ်ကွေးရောဂါပညာပေးဟောပြောပွဲကို ဧပြီ ၂၄ရက် နံနက် ၁၀နာရီက ကလေးဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးဒေါက်တာမြင့်ဝင်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ ကာကွယ်နည်းများကို ရှင်းလင်း ဟောပြောသည်။

ကာကွယ်ရေး

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်၊အဖွဲ့ဝင် ဒုတိယရဲမှူး လှမြင့်၊ အတွင်းရေးမှူး ဒေါ်အေးအေးသင်းတို့က မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်သား၊ ကြက်ဥရောင်းချသူများ၊ စားသောက်ဆိုင်ပိုင်ရှင်များကို ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး အသုံးပြုပစ္စည်းများကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှပုဂ္ဂိုလ်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ကြက်ဥ၊ ကြက်သားရောင်းချသူများ၊ စားသောက်ဆိုင်ပိုင်ရှင်များ တက်ရောက်ခဲ့ကြသည်။

(၄၁၇)

ပုဏ္ဏားကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးခဲ့သော ယိုးတရုတ်-ပြင်လျားရှည် ကျေးလက် ကျောက်ချောလမ်းသစ်ကို မတ် ၂၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့် ကျေးရွာဥက္ကဋ္ဌဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာဈေးကြီးတွင် မီးသတ်သင်တန်းဆင်း

မိတ္ထီလာ မေ ၁၆

မိတ္ထီလာမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မီးသတ်သင်တန်းဆင်းပွဲကို မတ် ၂၈ ရက်က ဈေးကြီးအတွင်း၌ ကျင်းပသည်။

သရုပ်ပြသ

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများက မီးငြိမ်းသတ်မှုကို လက်တွေ့ သရုပ်ပြသကြသည်။ **(အောက်ပုံ)**

တက်ရောက်

သင်တန်းဆင်းပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြင့်သန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ အတွင်းရေးမှူး ဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ဈေးမိဈေးဖများ တက်ရောက်ကြသည်။ **(မြို့နယ်စည်ပင်)**

မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် မြို့သာယာ လှပရေးအတွက် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအေးဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မြိတ်မြို့ ပညာဒါနစာကြည့်တိုက် အဆောက်အအုံဖွင့် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မြိတ် မေ ၁၆

တနင်္သာရီတိုင်း မြိတ်မြို့နယ် ကန်ကြီးရပ်ကွက် ကွက်သစ်ရပ် ပညာဒါနကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲ၊ ရန်ပုံငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို မတ် ၂၃ ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲ အထိမ်းအမှတ်အလံကို ရပ်ကွက်ဥက္ကဋ္ဌဦးလှထွန်းကပေးအပ်၍ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်နှင့် မြို့နယ်ဥက္ကဋ္ဌတို့က လက်ခံယူကြသည်။

အခမ်းအနားတွင် စေတနာရှင်များက စုပေါင်းလှူဒါန်းသော စာကြည့်တိုက်ရန်ပုံငွေကျပ်တစ်သိန်းနှင့် စာအုပ်၊ စာစောင်အုပ်၄၅၀တို့ကို အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးချိုလေးနှင့် စာကြည့်တိုက်မှူး ဦးထွန်းထွန်းဦးတို့က လက်ခံယူကြသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က စာကြည့်တိုက်ဖွင့်ရခြင်း အကျိုးကျေးဇူးနှင့် စာကြည့်တိုက်များ ရှင်သန်ခိုင်မာ ဖွံ့ဖြိုးစေရန် စုပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေက ပြည်သူများ စာပေဗဟုသုတ လေ့လာဖတ်ရှု၍ အသိပညာတိုးတက်အောင် ဆောင်ရွက်ရန် လည်းကောင်း ဆွေးနွေးပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲကို ဧပြီ၃၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ တင်ဝင်းအောင်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အလှူငွေပေးအပ်

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် မြိတ်မြို့ ဈေးတန်းရပ် ပုလဲလမ်းနေ ဦးအလင်-ဒေါ်ဉာဏ်ဝင်း (ဆန်းစပေါ့တ်-မြိတ်) မိသားစုက လှူဒါန်းသည့် ကျောင်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၅သိန်းကို ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ (နာလန္ဒာ)၏ ရှေ့မှောက်၌ အမှုဆောင်ဒေါ်ခင်ကြည် လက်ခံယူစဉ်။ (က-ပ)

မြန်မာ့အသံနားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လပြည့်ကျော် ၆ ရက်
၆-၅-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (ကစားခုန်စား အားကစား- သိပ္ပံမှူးတင်)
၁၁း၁၅ နိုင်ငံ့စီးပွား လုပ်ငန်းများ (သဘာဝအရသာစစ်စစ် ပြင်ဦးလွင်၏ ကော်ဖီမှုန့်အစစ်)
၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (နွေရာသီမှာ အလှဆင်စရာ)
၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အုံ့ပုန်းချစ်နဲ့ နေရတော့မှာလား (အညာသားအေးလွင်)
(၂) ချစ်စကားဆိုလှည့်ပါ (နိုင်နိုင်မော်)
(၃) ကိုယ့်ရင်ထဲက အညာနွေ (မိုးမင်းဝင်း)
၁၂း၀၀ ကလေးများအတွက် တေးသီချင်းများ
၁၂း၃၀ ဇာတ်လမ်းပမာ နားဆင်စရာ (သေကံမရောက် သက်မပျောက်)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ကျောက်မျက်ရတနာများ- ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆း၁၀ နေ့စဉ်သုံးအီဒီယံ
၁၇း၀၀ ဟာသယရှင်ဆေး (လူရွှင်တော် ကျော်ထူးနှင့်အဖွဲ့)
၁၇း၁၀ မြန်မာ့မူဟန် ဇာတိမာန် ဟောပြောချက် (မြန်မာ့စစ်ရေး ဗျူဟာနှင့် မြင်းစီးတပ်ဖွဲ့- ညွှန့်ဟံ-ကြူတော)
၁၇း၃၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ခင်မောင်တိုး)
၁၈း၂၅ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ပဲခူးတိုင်း ရေတာရှည်မြို့နယ် မြို့လှမြို့၏ ဒေသထွက်လက်ဆောင် ပဲလှော် ပဲကြော်စုံ)
၁၉း၁၅ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ပုလဲဝင်း)
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အသည်းစကား (ကိုစိန်ဝင်း)
(၂) တွေးရခက်ကြီး (ယဉ်ယဉ်ထွန်း)
(၃) ကမ်းခြေဖေယျာဦးဝယ် (ကိုခင်လတ်)

ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်

မန္တလေး မေ ၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဧပြီ ၂၇ရက် နံနက် ၈နာရီခွဲက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေ ရေတံခွန်တောင်ဂေါက်ကွင်း အဆင့်မြင့်ဆောင်ရွက်ခြင်းလုပ်ငန်း၊ ရေတံခွန်တောင်ဒေသ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု လုပ်ငန်းများနှင့် အမှတ်(၁) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများ၊ စမ်းသပ်ပီလောပီနံစိုက်ခင်းနှင့် ကြက်သွန်နီစိုက်ခင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် မဟာအောင်မြေမြို့နယ် ၃၇လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြား အကျယ်ပေ၆၀၊ အရှည်ပေ ၅၁၀ ရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာ ခင်းခြင်းလုပ်ငန်းကို သွားရောက်စစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်က မန္တလေးမြို့အား သန့်ရှင်းသာယာလှပသော မြို့ဖြစ်ရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အရှိန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့အတွင်းလမ်းများ ကောင်းမွန်ရေးသည်လည်း အရေးကြီးကြောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနယ်မြေအတွင်း လမ်းများ ကောင်းမွန်ရေး၊ မြောင်းများနှင့် ရေဆိုးထုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နေပြည်သူများ၏ ပါဝင်ကူညီမှုရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် မန္တလေးမြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းကောင်းမွန်ရေး၊ ယာဉ်ထိခိုက်မှုအန္တရာယ်ကင်းရှင်းရေးအတွက် အဓိက ကျသော လမ်းဆုံ၊ လမ်းမကြီးများ၏ ယာဉ်သွားလာမှု အခြေအနေ၊ တစ်ဖက်မှ လာသောယာဉ်များ မြင်ကွင်းအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်း လိုအပ်ချက် များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့တော်ဝန်သည် မန္တလေးမြို့ပတ်လမ်းမကြီးနှင့် ကျွဲစွန်း ၂၂ လမ်းဆုံ ရှုခင်းသာ (View Point)ကို နိုင်ငံခြားဧည့်သည်များ ညနေဆည်းဆာ (Sun Set)လာရောက်ကြည့်ရှုရာတွင် ဆိပ်ကမ်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရေး၊ မန္တလေးဆိပ်ကမ်းနယ်မြေတွင် အနယ်နယ်၊ အရပ်ရပ်မှ ဆိုက်ကပ်သော သင်္ဘောများ၊ မော်တော်များနှင့် စက်လှေများ ဘေးအန္တရာယ် ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်းရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (သတင်းစဉ်)**

ထီးချိုင့် ဝန်လိုကုန်းကျေးရွာ မူလတန်းကျောင်းခွဲ အဆောက်အအုံသစ်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

ထီးချိုင့် ဧပြီ ၁၇

ကသာခရိုင် ထီးချိုင့်မြို့နယ် ရေဝကျေးရွာအုပ်စု ဝန်လိုကုန်းကျေးရွာ မူလတန်းကျောင်း(ခွဲ) အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို မတ်၁၉ရက်က ကျောင်းဆောက်လုပ်မည့်မြေနေရာတွင် ကျင်းပ သည်။

အဆိုပါ ကျောင်းအဆောက်အအုံ ပန္နက်များကို မြို့နယ်အဆင့်တာဝန်ရှိ ပုဂ္ဂိုလ်များက ပန္နက်တင် ဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ ထီးချိုင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းသိန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးနှင့် အမှုဆောင်များ၊ ရေဝကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသန်းကြွယ်၊ အဖွဲ့ဝင် ဦးဇော်လင်းဦးနှင့် ကျေးရွာပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

GLORY ၁၂၅- ဘုံ၊ ထေမထာ (၃၀)လမ်း နှင့် ဗဟောဗမျှလယ်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ☎ 01-373431, 09-5197817

UK Engineering Diploma သင်တန်းများ

1. Diploma in Electronic Engineering
2. Diploma in Electrical Engineering
3. Diploma in Mechanical Engineering
4. Diploma in Electrical Installation
5. Diploma in Refrigeration & Air Conditioning
6. Certificate in Electrical Installation

15.5.07 တွင် သင်တန်းများ အသစ်ဖွင့်မည်။

(၂၂)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဦးခင်မောင်သွင် အင်ဂျင်နီယာမှူးကြီး (E.S.E) တောင်ကြီးခရိုင်နှင့် မေမေ ဒေါ်အေးအေးချို လ/ထ ကထိက နည်းပညာတက္ကသိုလ် သန်လျင်တို့၏ (၅-၅-၂၀၀၇)ရက်တွင် ကျရောက်သည့် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

သား-သွင်သန့်ဇင် ပနှစ်(ဘူမိ)
တောင်ကြီးတက္ကသိုလ်

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော် မြင်းခြံမြို့

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားကြီး၏ ယခုနှစ် (၈၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၉ခုနှစ် ပထမဝါဆိုလဆန်း ၅ရက်မှ လပြည့်ကျော်၇ရက်(၁၉-၆-၂၀၀၇ရက်မှ ၆-၇-၂၀၀၇ရက်)အထိ ကျင်းပမည် ဖြစ်ပါသည်။ ပွဲတော်ဆိုင်ခန်းတင်ဒါနှင့် ဇာတ်ရုံမြေနေရာ လေလံပွဲကို ၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် (၁၂)ရက် (၁၂-၅-၂၀၀၇)ရက် မွန်းလွဲ၁နာရီအချိန် ဘုရားကြီးရင်ပြင်ပေါ်၌ ကျင်းပပါမည်။ နာယကဆရာတော်ကြီးများ၏ ဩဝါဒအရ လောင်းကစားဆန်သော မည်သည့်လုပ်ရပ်မျိုးကိုမျှ ခွင့်မပြုဘဲ မြန်မာ့ရိုးရာဇာတ်သဘင်၊ အငြိမ့်၊ ဆပ်ကပ်နှင့် မျက်လှည့်များကို တင်ဆက်ကပြခွင့်ပြုပါမည်။

ဂေါပကအဖွဲ့
နှစ်ကျိပ်ရှစ်ဆူဘုရားကြီး၊ မြင်းခြံမြို့။
ဖုန်း-(၀၆၆) ၂၁၅၁၀။

အမည်မှန်

ဦးနန်းဖိန်းနော်လီ၏ သမီးဖြစ်သူ မဂွမ်ဘူ မှတ်ပုံတင်အမှတ် ၅/အတန(နိုင်) ၀၇၅၇၆၉၏ အမည်မှန်မှာ မခေါ်န်ဘူ ဖြစ်ပါကြောင်း။

မခေါ်န်ဘူ။

အမည်ပြောင်း

(အဖ) ဦးမြင့်ဦး၏သမီး မစုစုဝေ ၁၂/လသယ(နိုင်)၀၃၆၂၇၁ အား မှတ်ပုံတင်အရ မဖြိုးစုဝေဟု ပြောင်းလဲခေါ်ပါရန်။

မဖြိုးစုဝေ။

အမည်ပြောင်း

(အဖ) ဦးတင်အောင်ကျော်၏သား အလက(၃) လှိုင်မြို့နယ် Grade VIII (A)မှ မောင်သက်နိုင်ထွန်းအား မောင်စံလင်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စံလင်းကျော်။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၄၂၈

ဒေါ်ခင်သန်းဦး **နှင့်** ဦးကျော်မြိုင်
တရားနိုင် **တရားရှုံး**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၉၉ (ဒေါ်ခင်သန်းဦးနှင့် ဦးကျော်မြိုင်)အမှုတွင် ကျရှိသည့် ဒီကရီအတွက် ဇာရီပြုစာရင်း၌ ဖော်ပြထားသော ပစ္စည်းတွင် တရားရှုံးများ အကျိုးသက်ဆိုင်ခြင်းကို ၂၀၀၇ခုနှစ် ဇွန် ၈ရက်(၁၃၆၉ခုနှစ် နယုန်လပြည့်ကျော် ၉ရက်)နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် တေးဥယျာဉ်(၆)လမ်း၊ အမှတ် ၅၉၁၊ (၄၀ X ၆၀)ပေ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

လေလံကြမ်းခင်းဈေး ကျပ် ၄၅သိန်းတိတိ။

လေလံစည်းကမ်းများ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာအတွက် တာဝန်ခံမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဧပြီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဆွေဆွေ
ဒုတိယခရိုင်တရားသူကြီး(၃)
မြောက်ပိုင်းခရိုင် တရားရုံး၊ ရန်ကုန်မြို့။

(၂၉)နှစ်ပြည့် မင်္ဂလာဆုတောင်း

ရွှေညောင်မြို့နေ ဖေဖေ ဦးဇော်ဇော်-မာမီ ဒေါ်ခင်မေသွင် (ရွှေတောင်ကြီးတည်းခိုခန်း) တို့၏ ၁-၅-၂၀၀၇ရက်တွင် ကျရောက်သည့် (၂၉)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ပြည့်စုံသော ဘဝခရီးကို အတူတကွ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး	-	**ကိုထွန်းရွှေ-မသီရိရိုင်ဇော် (B.A - History)**
ချစ်သမီးလတ်	-	**မနေဇာလှိုင်ဇော် [B.A -Franch (MUFL)]**
		Diploma in Technology Building (MTU) ခေတ္တ-စင်ကာပူ
ချစ်သားငယ်	-	**မောင်ရဲလင်းဇော်[(Final Year)၊မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်]**
ချစ်မြေးများ	-	**သီဟမင်းဇော်၊ နေဗလဇော်။**

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် မေ ၄

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန် အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၃၉၂၂၂၃**တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

နွေရာသီရေကူးသင်တန်း
တက္ကသိုလ်များရေကူးကန်(သထုံလမ်း)တွင် စတင်ဖွင့်လှစ်နေပါပြီ
☎ : 01-513109,701387,500544
: 095179721

အမွေပြတ် စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ဇော်ဝင်း ၁၂/သကတ(နိုင်) ၀၀၁၆၆၄အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမျှ တာဝန်မယူပါ။

ဒေါ်မြင့်မြင့်ကြည်
၁၂/သကတ(နိုင်) ၀၂၁၃၅၉။

အမှာစကား ပြောကြား

သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် နိဂုံးချုပ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် မေ ၄

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက်ရနာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟို ကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက် အတွင်း ရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက ဆောင်ရွက်သည်။

ဖတ်ကြားတင်သွင်း

အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များအရ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လေ့လာချက် စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း အစီအစဉ်ကိုကျင်းပရာ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"ဟားခါးမြို့ရှိ အိမ်ထောင်ရှင်မများ၏သားဆက်ခြားနှင့်ပတ်သက်သော ဗဟုသုတ၊ ခံယူ ချက်သဘောထားနှင့် လက်တွေ့သုံးစွဲမှုများကို လေ့လာဆန်းစစ်ခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်စီကလည်းကောင်း၊ စစ်ကိုင်း တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"လုံခြုံစိတ်ချ မိခင်ဘဝ"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်ကလည်းကောင်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ **"HIV/AIDS လူနာများ၏ လူမှုရေးပြဿနာများကို လေ့လာခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်လှကလည်းကောင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ **"စိတ်ကျန်းမာရေးဆိုင်ရာဗဟုသုတနှင့်သဘောထားခံယူချက်အား ဆန်းစစ်လေ့လာခြင်း"**

စာမျက်နှာ ၈ ကော်လံ ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ၂၀၀၆ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု ပြည်နယ်အဆင့် တတိယဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်း-၉) (သတင်းစဉ်)

ထူးခြားသောအပူချိန် ၄-၅-၂၀၀၇

နေပြည်တော်	၉၉	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၁၀၀	ဒီဂရီဖာရင်ဟိုက်
မန္တလေး	၁၀၈	ဒီဂရီဖာရင်ဟိုက်
ချောက်	၁၀၉	ဒီဂရီဖာရင်ဟိုက်

မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသ မုန်တိုင်းငယ် ဖြတ်ကျော်ဝင်ရောက် ပြည်နယ်/တိုင်းအချို့၌ မိုးကြီးနိုင်

နေပြည်တော် မေ ၄

ယနေ့မြန်မာစံတော်ချိန် ညနေ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသများ ကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားပျော့သွားပြီဖြစ်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ကယား ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း တို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် မိုင်၄၀ခန့်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး

ဆုံးဖြတ်ချက်(၄)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၂)ရပ်ချမှတ်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့နှင့် ယနေ့တို့တွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့်ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် ဆုံးဖြတ်ချက် (၄)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၁၂)ရပ်တို့ကို ယနေ့ချမှတ်သည်။

ဆုံးဖြတ်ချက်(၄)ရပ်မှာ–

အစည်းအဝေးဆုံးဖြတ်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်ရန်။

၂။ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ လိုက်နာဆောင်ရွက်ရန်။

၃။ **"အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့"** ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးပြဿနာများကို ဖြေရှင်းဆောင်ရွက်ကြရာတွင် ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး အသင်းကြီး၏စွမ်းအားစုများဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန်။

စာမျက်နှာ ၈ ကော်လံ ၁